တပေါ်စ တော် မင်္ဂလ မုတ္တမံ၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ စနေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၇၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘယ်လာရုစ်နိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်၌ ကျရောက်သော ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား၊ အာရ်၊လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာတီယူဖစ်(ခ်)အာဘာဒါသည် ယနေ့နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာတီယူဖစ်(ခ်)အာဘာဒါအား ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများချမှတ်နိုင်ရေး အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းဖတ်ကြားတင်ပြ အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ဇူလိုင် ၅ ရက် (တနင်္လာနေ့)၌ဆက်လက်ကျင်းပမည်



ရန်ကုန် ဇူလိုင် ၂

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ခုဖြစ်သော အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

သဘာပတိအဖွဲ့ဝင်များ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

လူမှုစီးပွားတည်ဆောက်မှု သမဝါယမ၏ရုပ်ပုံလွှာ အစဉ်ထာဝရရှင်သန်ရေး ကြိုးပမ်းစွမ်းဆောင်

၂၀၀၄ ခုနှစ် ဇူလိုင်လ ၃ ရက်(စနေနေ့)သည် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဖြစ်သည်။

၁၉၉၄ ခုနှစ် (၄၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက နှစ်စဉ် ဇူလိုင်လ ပထမပတ်၏ စနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်မှစ၍ အပြည်ပြည် ဆိုင်ရာ သမဝါယမနေ့အခမ်းအနားများကို နိုင်ငံအသီးသီး၌ ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၁၀)ကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။

သမဝါယမဟူသည် ဆန္ဒအလျောက် ပူးပေါင်းကြသူတို့က မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများဖြည့်ဆည်းရန်အလို့ငှာ ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲဆောင်ရွက်သည့် စီးပွားရေးအဖွဲ့အစည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် သမဝါယမလှုပ်ရှားမှုကို ၁၉၀၅ ခုနှစ်တွင် စစ်ကိုင်းခရိုင် မြင်းမူ သမဝါယမငွေစုငွေချေးအသင်းက စတင်ခဲ့ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ၏ သမဝါယမသက်တမ်းသည် ၂၀၀၅ ခုနှစ်တွင် နှစ်(၁၀၀)ပြည့်မြောက်တော့မည် ဖြစ်သည်။

မျက်မှောက်ကာလ၌ နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးဖော်ဆောင်မှုနှင့်အညီ သမဝါယမလုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ၁၉၉၂ ခုနှစ်တွင် သမဝါယမအသင်း ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။

၁၉၉၂ ခုနှစ် သမဝါယမအသင်း ဥပဒေပြဋ္ဌာန်းပြီးချိန်မှစ၍ သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမများ ဖွံ့ဖြိုးတိုးတက် ရှင်သန်လှုပ်ရှားနိုင်ရေးအတွက် သမဝါယမအသင်းများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ သမဝါယမစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမထုတ်ကုန်များ မြင့်မားရေး၊ သမဝါယမလယ်ယာနှင့် သားငါးကဏ္ဍမြှင့်တင်နိုင်ရေး၊ သမဝါယမငွေကြေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် သမဝါယမစီးပွားရေးလုပ်ငန်းများ မြင့်တက်လာရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ချက်နှင့်အညီ သမဝါယမလုပ်ငန်းများသည် နိုင်ငံတော်၏ ဈေးကွက် စီးပွားရေးဖော်ဆောင်မှုတွင် တစ်နှစ်ထက်တစ်နှစ် စီမံကိန်းလျာထားချက်များကျော်လွန် အောင် အထည်ဖော်နိုင်ခဲ့မှုများကို တွေ့ရသည်။

သာဓကအားဖြင့် သမဝါယမကဏ္ဍ၏ ၂၀၀၄ ခုနှစ် ပထမလေးလပတ်အခြေအနေကို တင်ပြရလျှင် စီးပွားရေးစီမံကိန်း အကောင်အထည်ဖော်နိုင်မှုမှာ ထုတ်လုပ်မှုတွင် ကျပ် ၄၃၄၀၆ ဒသမ ၆၄၀ သန်း၊ ဝန်ဆောင်မှုတွင် ကျပ် ၁၆၈၂ ဒသမ ၉၉၅ သန်း၊ ကုန်သွယ်မှုတွင် ကျပ် ၁၁၂၈၇ ဒသမ ၄၀၄ သန်း ရှိကြောင်း တွေ့ရသည်။

အသင်းများ ဖွဲ့စည်းတည်ရှိမှုအနေဖြင့် ဗဟိုသမဝါယမအသင်းတစ်သင်း၊ သမဝါယမအသင်းစုချုပ် ၂၀၊ သမဝါယမအသင်းစု ၆၁၂ သင်း၊ အခြေခံသမဝါယမအသင်း ၁၇၂၅၄ သင်း စုစုပေါင်း ၁၇၈၈၇ သင်း ရပ်တည်လျက်ရှိသည်။

သို့ဖြစ်ရာ သမဝါယမဝန်ကြီးဌာနသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝလိုအပ်ချက်များ ပံ့ပိုးဆောင်ရွက်ရေး၊ အဆင့်မြင့် လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းရေးဟူသော စားဝတ်နေရေးဆိုင်ရာ လိုအပ်ချက်များအား အချိန်ကာလအလိုက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ညီညွတ်မျှတသော လူမှုစီးပွားတည်ဆောက်မှုဖြစ်သည့် သမဝါယမ၏ ရုပ်ပုံလွှာကို အစဉ်ထာဝရရှင်သန်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီးဌာန တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက် ဆုချီးမြှင့်ပေး

ရန်ကုန် ဇူလိုင် ၂

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး တံခွန်စိုက်ဒိုင်း (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်နံနက်က အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အကျဉ်းဦးစီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်သည်။ (အပေါ်ပုံ)

ဆုပေးပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပုံမှန်ပြိုင်ပွဲအတွက် ပထမဆုရရှိသည့် အကျဉ်းဦးစီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအသင်း၊ တတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း၊ အမြန်ပြိုင်ပွဲအတွက် ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရရှိသည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအသင်း၊ တတိယဆုရရှိသည့် အကျဉ်းဦးစီးဌာနအသင်းတို့အား လည်းကောင်း၊ ပြိုင်ပွဲအမျိုးအစားနှစ်ခုတွင် အကောင်းဆုံး ကစားခဲ့သည့် ဆုရရှိသည့် အားကစားသမားများကိုလည်းကောင်း တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ အသီးသီးချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၉ ရက်က ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် ထံ သို့ လှိုင်သာယာမြို့နယ် အမက (၄၇) အတွက် အလှူငွေ ကျပ်ငါးသိန်း ကို ဂရိတ် ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးမောင်မောင် ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၃-၇-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"မြန်မာပြည်သား အရှင်ပုဏ္ဏ"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ် (အထူးပြုအားလုံး) (ခ)The Force of Gravity
- ၅:၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း-၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ (ပိဋကတ်ပင်လယ် ပြင်ကို စတင်ကူးခတ်ခြင်း)
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် သားဆိုး သားမိုက်"** (အပိုင်း-၅) ဇာတ်သိမ်း

3-7 (02).p65 1 03/25/1905, 10:14 PM

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ သမ္မတအဖြစ် ၂၀၀၄ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် စတင်တာဝန်ထမ်းရွက်သည့် မစ္စတာ ဟော့စ်ခိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

မြန်မာအမျိုးသမီးများနေ့

MYANMAR WOMEN'S DAY

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာတီယူဖစ်(ခ်)အာဘာဒါက ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တံတားသံပေါင်နှင့်ဆက်စပ်ပစ္စည်းများသင်္ဘောပေါ်မှသယ်ချမှု ဆောက်လုပ်ရေးဝန်ကြီးဗိုလ်ချုပ်စောထွန်းကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇူလိုင် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်နှင့်တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေ ၅ နာရီက ရန်ကုန်ဆူးလေဆိပ်ကမ်းအမှတ်(၆)သို့သွားရောက်၍ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ စီစဉ်ပေးသည့် M.V Liang Shan သင်္ဘောဖြင့် ရောက်ရှိလာသည့် ရေဝတီတံတား(ရတနာပုံ)အတွက် သံပေါင်နှင့်ဆက်စပ်ပစ္စည်းများ ရေကုန်ထုတ်စနစ်ဖြင့် သင်္ဘောပေါ်မှချနေသည်များကို ကြည့်ရှုစစ်ဆေးသည်။

ရေဝတီတံတား(ရတနာပုံ)သည် ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်လျက်ရှိပြီး လုပ်ငန်းခွင်သို့ ရောက်ရှိပြီးဖြစ်သော တံတားသံပေါင်များကို တပ်ဆင်လျက်ရှိသည်။

အမြန်ရောက်ရေးဆောင်ရွက်

ယင်းသင်္ဘောဖြင့် ပုသိမ်တံတား(ငဝန်) အတွက် သံပေါင်နှင့်ဆက်စပ်ပစ္စည်း ၂၀၀၀ ဒသမ ၃၀၉ တန်လည်း ပါရှိလာသည်။ ပုသိမ်တံတား(ငဝန်)မှာ ငဝန်မြစ်ကို ဖြတ်ကျော်တည်ဆောက်လျက် ရှိပြီး တံတားအရှည်ပေ ၂၁၄၀ ဖြစ်သည်။ အောက်ခြေအုတ်မြစ် လုပ်ငန်းနှင့် တံတားအောက်ထည် လုပ်ငန်းများ ပြီးစီးနေပြီး ယခုရောက်ရှိလာသော တံတားသံပေါင်များလုပ်ငန်းခွင်သို့ အမြန်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ ယင်းသင်္ဘောဖြင့်ပင် တွံတေးတံတားအတွက် သံပေါင် တန်ချိန် ၁၉၄၉ ဒသမ ၂ တန် ပါရှိလာသည်။တွံတေးတံတားမှာ တွံတေးတူးမြောင်းကိုဖြတ်ကျော်တည်ဆောက်လျက်ရှိပြီး စုစုပေါင်းအရှည်ပေ ၃၅၇၀ ဖြစ်သည်။ တံတားအောက်ခြေအုတ်မြစ် လုပ်ငန်းများကို တံတားသံပေါင်များ လျင်မြန်စွာတပ်ဆင်နိုင်ရေး အတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မှာကြား

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးကသက်ဆိုင်ရာ တံတားအသီးသီး၏လုပ်ငန်းခွင်သို့ အမြန်ရောက်ရှိရေးအတွက် ခရီးလမ်းပန်း တစ်လျှောက် လုံခြုံချောမွေ့ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

တံတားသံပေါင်နှင့်ဆက်စပ်ပစ္စည်းများ လုပ်ငန်းခွင်အသီးသီးသို့ ရောက်ရှိသွားပါက သံပေါင်များ လျင်မြန်စွာ တပ်ဆင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရန်ကုန်ဆူးလေဆိပ်ကမ်း၌ သင်္ဘောပေါ်မှ တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများ သယ်ချမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်၌ ကျရောက်သော ဘယ်လာရုစ် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဘယ်လာရုစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာတီနော့ဗ်၊ဆာဂေး၊ နီကိုလေဗစ်(ချ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃-၇-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၀၀	၇။	သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၈း၁၅	၈။	မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၁၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၅)
၁၃း၅၀	၇။	မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ(မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)
၁၄း၀၅	၈။	လောကနီတိ(၁) **"အိုးထိန်းသည်"** ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ ဦးစောနိုင်(ရှမ်းပြည်)၊ အိဖြူစိုး (ဒါရိုက်တာ-ခင်ဇော်)
၁၄း၃၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၅	၁၀။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၁၅	၆။	အကပဒေသာ
၁၇း၃၀	၇။	တေးဂီတအစီအစဉ်
၁၇း၄၅	၈။	တေးပြုစာဆို မြမြင့်အောင်(မြင်းခြံ)ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၁၈း၀၀	၉။	အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
၁၈း၂၀	၁၀။	မူးယစ်ဆန့်ကျင်အောင်ပွဲဆင် (အပိုင်း-၃)
၁၈း၁၅	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၂၅)
၁၉း၃၀	၁၅။	မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုအစီအစဉ်
၁၉း၄၀	၁၆။	မြန်မာနိုင်ငံ အမျိုးသမီးများရေးရာအဖွဲ့ချုပ်အားမာန်
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသောအချစ်"** (အပိုင်း-၃)

မှတ်သားဖွယ် မိုးရေချိန်များ

၁-၇-၂၀၀၄

မိုးကုတ်မြို့	၃ ဒသမ ၃၅ လက်မ
ကော့သောင်းမြို့	၃ ဒသမ ၃၉ လက်မ
ဗန်းမော်မြို့	၃ ဒသမ ၅၈ လက်မ
ကန့်ဘလူမြို့	၄ ဒသမ ၈၄ လက်မ

သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှုအသာစီးရနိုင်ငံကြီးအချို့ ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးဗန်းပြ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေးနှင့် ကာကွယ်ရေးအစီအမံများတွင် နိုင်ငံငယ်များကိုခုတုံးလုပ် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တစ်ဖက်စောင်းနင်းဖြစ်၊ အပြည်ပြည်ဆိုင်ရာဥပဒေလျစ်လျူရှု

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

ယနေ့နိုင်ငံတကာကိုကြည့်မည်ဆိုပါက သိပ္ပံနှင့်နည်းပညာရပ်များ၏ အံ့မခန်း တိုးတက်ပြောင်းလဲမှုများနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးသည် သိပ္ပံနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုများကို ရယူအသုံးချပြီး မိမိနိုင်ငံနှင့် မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး အတွက် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

ထို့အပြင် ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်ဖွံ့ဖြိုးတိုးတက်မှု၌ အသာစီးရရှိနေသည့် နိုင်ငံကြီးအချို့သည် အယူဝါဒရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြချက်အမျိုးမျိုးကို ဗန်းပြပြီး ၎င်းတို့၏ အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အစီအမံများတွင် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များကို ခုတုံးလုပ် အသုံးချနေသည့် အခြေအနေများလည်း ကြုံတွေ့လျက်ရှိနေကြကြောင်း။

လျစ်လျူရှု လုပ်ဆောင်မှုများကြုံတွေ့

ထိုကဲ့သို့ နိုင်ငံကြီးအချို့၏ အကွက်ချစီမံဖန်တီးမှုများသည် ကမ္ဘာ့နိုင်ငံများ အကြား ရှိထားပြီးဖြစ်သည့် ဆင်းရဲချမ်းသာကွာဟမှု၊နည်းပညာကွာဟမှု၊ ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေကွာဟမှု၊ ကာကွယ်ရေးစွမ်းအားကွာခြားမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းစေလျက်ရှိသည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ် တို့တွင် တစ်ဖက်စောင်းနင်း အခြေအနေဖြစ်ပေါ်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေစည်းမျဉ်းကျင့်ဝတ်များကို လျစ်လျူရှုလုပ်ဆောင်မှုများကို ကြုံတွေ့လျက် ရှိနေပြီဖြစ်ကြောင်း။

ထိုကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနှင့်နည်းပညာရပ်များတွင် အမီလိုက်ပါနိုင်ရေး ဆိုသည့် စိန်ခေါ်မှုများအပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်စေရေးတို့အတွက် ရှောင်လွှဲမရသည့် စိန်ခေါ်မှုများကိုပါ ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ကြောင်း။

အခိုင်အမာတည်ဆောက်

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်စေမည့် အမျိုးသားရေးအားမာန်၊ အမျိုးသားရေးစွမ်းအားများဖြစ်သည့် နိုင်ငံသူနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု စွမ်းအား၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှုစွမ်းအား၊ နိုင်ငံတကာ အဆင့်မီ ပညာရည်မြင့်မားသည့် လူ့စွမ်းအား၊ အရင်းအမြစ်စွမ်းအားတို့ကို အခိုင်အမာတည်ဆောက်ပြီး မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားအတွက် ခိုင်မာသော ရပ်တည်ချက်ဖြင့် ကာကွယ်စောင့်ရှောက်မြှင့်တင်သွားနိုင်မှသာ သူတစ်ပါးဩဇာအာဏာလောင်းရိပ်အောက်ကျရောက်သွားမည့် အန္တရာယ်က လွတ်ကင်းပြီး ပြည်ထောင်စုကြီးလည်း တည်ငြိမ်အေးချမ်းစွာရပ်တည်နိုင်မည် ဖြစ်ကြောင်း။

သိမ်မွေ့နက်ရှိုင်းစွာ အရှိန်အဟုန်ဖြင့် ချိတ်ဆက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် ပညာရည်မြင့်မားသောလူမျိုး၊ အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသော လူမျိုးသာလျှင် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ထိုကဲ့သို့ စိတ်ဓာတ်နှင့် စွမ်းအားများ မိမိနိုင်ငံသူ နိုင်ငံသားများအကြား ခိုင်ခိုင်မာမာဖြစ်ထွန်းနေစေရန်အတွက် ပညာရေးကဏ္ဍကပါ တာဝန်ယူ ဆောင်ရွက်သွားရမည့် အချိန်အခါကိုလည်း ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အခြေအနေအချိန်အခါ၏ တောင်းဆိုချက်များနှင့်အညီ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်ကဏ္ဍစုံတို့တွင် သက်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး အမျိုးသားစွမ်းဆောင်ရည် အစဉ်ထာဝရ ထက်မြက်မြင့်မားနေစေရန်၊ သိပ္ပံနှင့်နည်းပညာနယ်ပယ်ကဏ္ဍစုံတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ထားနိုင်စေရန်နှင့် အစဉ်အမြဲ လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာစေရန် မျှော်မှန်းပြီး အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း အဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံသူ နိုင်ငံသားတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး အမျိုးသမီး အမျိုးသား မခွဲခြားဘဲ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများညီမျှစွာ ဖြစ်ထွန်းလာစေရန်၊ မိမိသင်ယူလိုရာ ပညာရပ်များကို ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာစေရန်၊ တစ်သက်ပန်လုံး စဉ်ဆက်မပြတ် လေ့လာသင်ယူ နိုင်သည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများဖြစ်ထွန်းလာစေရန် စနစ်တကျ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

ထို့ကြောင့် ၁၉၈၈ ခုနှစ်မတိုင်မီကာလက အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၃၂ ခုသာရှိခဲ့ရာမှ ယနေ့ဆိုလျှင် ၁၅၆ ခုအထိ ပေါ်ထွန်းလာခဲ့ပြီး ပြည်နယ်နှင့်တိုင်း မြို့ကြီးတိုင်းနှင့် ဖွံ့ဖြိုးရေး အထူးဒေသဟု သတ်မှတ်ထားသည့် ဒေသတိုင်းတွင် တည်ရှိနေသော မြို့ကြီး တိုင်းတို့တွင် တက္ကသိုလ် သို့မဟုတ် ဒီဂရီကောလိပ် သို့မဟုတ် ကောလိပ်တစ်ခု မဟုတ်တစ်ခု တည်ရှိနေပြီဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တိုးချဲ့သင်ကြားပေး

ပညာရပ်များရွေးချယ်သင်ယူနိုင်ခွင့်နှင့် ပတ်သက်၍လည်း ပညာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာ တိုးတက်ဖြစ်ထွန်းမှုများနှင့် လိုက်လျောညီထွေစွာ အဆင့်မြှင့်တင်ပေးမှုများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ အစီအစဉ်များ တိုးချဲ့ ဖွင့်လှစ်ပေးမှုများ၊ ပေါင်းစပ်ဘာသာရပ်များ၊ ပညာရပ်မျိုးကွဲများ တိုးချဲ့ သင်ကြားပေးမှုတို့အပြင် တက္ကသိုလ်၊ ကောလိပ်များ၌ ပုံမှန်ပညာရေး စနစ်နှင့် ယှဉ်တွဲပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၏ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများကိုပါ စနစ်တကျစီမံ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၈၈ခုနှစ်က ဘွဲ့ကြို၊ ဘွဲ့လွန် သင်ကြားရေး အစီအစဉ် ၅၉ မျိုးသာရှိခဲ့ရာမှ ယခုဆိုလျှင် ပုံမှန်သင်တန်း များ၌ သင်ကြားရေးအစီအစဉ် ၁၅၇ မျိုး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန များ၌ သင်ကြားရေးအစီအစဉ် ၁၆၀ နီးပါး ဖွင့်လှစ်သင်ကြားပေးနိုင်နေပြီ ဖြစ်ကြောင်း။

သင်ကြားမှု၊ သင်ယူမှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေရေး၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှုနည်းပညာရပ်များ တိုးတက်ထွန်းကား စေရေးနှင့် အသက်အရွယ်မရွေး၊ အချိန်အခါမရွေး စဉ်ဆက်မပြတ်လေ့လာသင်ယူ နိုင်ရေးတို့အတွက် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက် ပေးနိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် Electronic Data Broadcasting စနစ်ကို အခြေခံသည့် e- Learning Centre ၅၁ခု၊ Computer Training Centre ၁၄၃ခု၊ e- Education Resource Centre ၄၉ခု၊ တက္ကသိုလ်နှင့် ကောလိပ်များတွင် ဖြန့်ကြက်တည်ထောင်ထားပြီးဖြစ်သကဲ့သို့ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များအကြား ကွန်ပျူတာကွန်ရက်များလည်း ချိတ်ဆက်ပေးထား ပြီးဖြစ်သည့်အတွက် e-mail, Internet, Intranet, Video Conferencing စနစ်တို့အပြင် အချို့သောပညာရပ်များကို Web-based Teching System ခေါ်သည့် Online စနစ်ဖြင့် သင်ကြားပေးနိုင်နေပြီးလည်းဖြစ်ကြောင်း။

ထို့အပြင် အဆင့်မြင့်ပညာသင်ကြားသင်ယူမှုအဆင့်မြှင့်တင်နိုင်ရေးနှင့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ် ပေးနိုင်စေရေးတို့အတွက် ဝါရင့်၊ သမ္မာရင့်၊ အတွေ့အကြုံရင့်ကျက်သော ပညာရှင်ကြီးများပါဝင်သည့် ပညာရှင်အဖွဲ့များ ဖွဲ့စည်းပေးထားပြီး ပညာရပ် ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများ၊ နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းဆောင်ရွက်မှုများဖြစ်ထွန်းလာအောင် နိုင်ငံတော်အစိုးရက အားပေးထောက်ကူပံ့ပိုးပေးလျက်လည်းရှိကြောင်း။

ထိုကဲ့သို့ တစ်နိုင်ငံလုံးတွင် ကွက်လပ်မကျန်အောင် တက္ကသိုလ်၊ ကောလိပ်များဖြန့်ကြက်ပေါ်ထွန်းနေပြီး အဆင့်မြင့်ပညာလေ့လာသင်ယူနိုင်သည့် နိုင်ငံတကာအဆင့်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်း နေပြီဖြစ်သည့် အခြေအနေအချိန်အခါကောင်းတွင် တက္ကသိုလ်ဆရာ ဆရာမများ အားလုံးက ၎င်းဖြစ်ထွန်းနေပြီဖြစ်သည့် အခြေခံကောင်းများကို ပိုမိုထိရောက် အကျိုးရှိစွာ အသုံးပြုပြီး နိုင်ငံတော်၏ အမျိုးသားပညာရေးဆိုင်ရာ မျှော်မှန်းချက် များ အောင်မြင်ဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြား လိုကြောင်း။

ဘဝတစ်သက်တာလုံး စဉ်ဆက်မပြတ် လေ့လာသင်ယူတတ်သည့် အလေ့ အကျင့်ကို မိမိတို့၏ တပည့် ကျောင်းသူ ကျောင်းသားများတွင် စွဲမြဲစွာဖြစ်ထွန်း နေစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည့်အပြင် မိမိတို့ကိုယ်တိုင်လည်း စဉ်ဆက် မပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း။

မိမိတို့တက္ကသိုလ်ကို တက္ကသိုလ်တည်ရှိရာဒေသ၏ ပညာရပ်ဆိုင်ရာ အရင်းအမြစ်တစ်ခုဖြစ်လာစေရန် ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် နေရာဌာနတစ်ခု ဖြစ်လာစေရန်၊ သုတေသနလုပ်ငန်းများဆောင်ရွက်မှုများ အပါအဝင် လေ့လာစူးစမ်းမှု၊ သင်ကြား သင်ယူမှုလုပ်ငန်းများ တီထွင်တိုးချဲ့ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည် ဖြစ်ကြောင်း။

အမျိုးသားရေးအသိရှိရှိ ကြိုးစားအားထုတ်

ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များမှသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များကို မိမိတို့ကျွမ်းကျင်ရာပညာရပ်ဆိုင်ရာကဏ္ဍ က ဖြည့်ဆည်းပေးနိုင်စေရန်အားထုတ် ကြိုးပမ်းကြရေးနှင့် အမျိုးသားစီးပွားရေး ဘဝတိုးတက်အောင်မြင်ရေး၊အမျိုးသားလူမှုရေးဘဝဖွံ့ဖြိုးတိုးတက်ရေး၊အမျိုးသား ယဉ်ကျေးမှုဘဝထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် အထောက်အကူပြုနိုင်သည့် တက္ကသိုလ်ကြီးများ ဖြစ်လာစေရန် တက္ကသိုလ် ဆရာဆရာမများအားလုံးက အမျိုးသားရေးအသိရှိရှိဖြင့် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

အထူးသဖြင့် မိမိတို့၏ တပည့် ကျောင်းသူကျောင်းသား လူငယ်များ ကို စာပေပညာသင်ကြားပေးရုံ သက်သက်သာမက တွေးခေါ်မြော်မြင် စဉ်းစား ချင့်ချိန်နိုင်သည့် အသိဉာဏ်ပညာတိုးတက်ဖြစ်ထွန်းအောင် တီထွင်ဖန်တီးနိုင်မှု စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှု အရည်အသွေး၊ ရှာဖွေစူးစမ်းလေ့လာနိုင်မှု စွမ်းအားတို့ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသိအမြင်ကျယ်ပြန့်ပြီး အတွေးအမြင် ဗဟုသုတကြွယ်ဝစေရန်၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးခံယူချက်တို့ ဖြစ်ထွန်းလာစေရန်နှင့် နိုင်ငံတကာအခြေအနေကို ရှုမြင်သုံးသပ်နိုင်ပြီး အမျိုးသား ရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိအောင် လေ့ကျင့်ပျိုး ထောင်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁

ဇူလိုင် ၂ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာမူမင်အလာနတ်အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယနေ့လူငယ်များကို ခေတ်ကာလနှင့် လျော်ညီသည့် အတွေးအမြင်ကျယ်စေရန်၊ နိုင်ငံတကာအတွေ့အကြုံနှင့် ဗဟုသုတများရရှိစေရန်၊ ICT နည်းပညာရပ်များကို အားပေးမြှင့်တင်ပေးနေရုံသာမက ICTနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ ထူထောင်ပေးပြီး Internet ဆက်သွယ်ရေးစနစ်များ၊ Broadband ဆက်သွယ်ရေးစနစ်များနှင့် ဂြိုဟ်တုရုပ်မြင်သံကြားစနစ်များကတစ်ဆင့် နိုင်ငံတကာနှင့် ချိတ်ဆက်မိစေရန် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ယနေ့လူငယ်များအသိအမြင် ပွင့်လင်းပြီး အတွေးအမြင် ဗဟုသုတ ပြည့်ဝခိုင်မာလာမှသာလျှင် နိုင်ငံတော်၏ အနာဂတ်ကိုမှန်ကန်စွာထိန်းကျောင်းသွားနိုင်မည်ဖြစ်သည့်အပြင် အမျိုးသားရေးအကျိုးစီးပွား ဖော်ဆောင်ရေးကို ရှေးရှုသည့် အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးစနစ်တို့ကို မှန်ကန်စွာ ဖော်ဆောင်နိုင်အောင် နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးနေခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကာလကို တာဝန်ယူသွားကြရမည့် ယနေ့လူငယ်များအတွက် တည်ငြိမ်ခိုင်မာသည့် အနာဂတ်နှင့်အတူ ထိုက်တန်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ရှိသကဲ့သို့ မိမိတို့ထားရစ်ခဲ့သည့် အမွေခံကောင်းများ ဆက်လက်ရှင်သန်နေစေရန် ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေးအတွက် လိုအပ်သည့် အရည်အသွေး၊ စွမ်းရည်တို့ဖြင့်ပြည့်ဝသည့် လူငယ်များ ဖြစ်လာရေးကိုပါ ကြိုတင်လေ့ကျင့်ပျိုးထောင်ပေးရမည်ဟုလည်း နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ထို့ကြောင့် တက္ကသိုလ် ဆရာ ဆရာမများအားလုံးက ယနေ့ကျောင်းသူကျောင်းသား လူငယ်များအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းတည်ဆောက်ပေးနေသည့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ၊ အမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးနှင့် ယနေ့ ကျောင်းသူ ကျောင်းသား လူငယ်များကို နိုင်ငံတော်၏ အနာဂတ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ဆက်လက်တည်ဆောက်ကာကွယ်နိုင်သည့်စွမ်းအား၊ အရည်အသွေး၊ စိတ်ဓာတ်တို့ဖြင့်ပြည့်ဝလာစေရန် နိုင်ငံတော်၏ကိုယ်စား ပြုစုပျိုးထောင်လေ့ကျင့်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူအများစုကြီး၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကို စီမံဆောင်ရွက်ရာတွင် နိုင်ငံတော်တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းနိုင်စေရေးနှင့် ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်ခံ့မှုကို အာမခံနိုင်သည့် အခြေခံကောင်းများပါ တစ်ပါတည်းဖြစ်ထွန်းလာစေရေးတို့အတွက် စနစ်တကျထိန်းသိမ်းစီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်

ထိုကဲ့သို့ အခြေအနေဖြင့် နိုင်ငံတော်၏လိုအပ်ချက်များကို တက္ကသိုလ်ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံသူ နိုင်ငံသားများအားလုံးက သိမြင်ပြီး မိမိတို့ကျွမ်းကျင်ရာ ကဏ္ဍမှနေ၍ ပါဝင်ပံ့ပိုးကူညီဆောင်ရွက်ကြရန်၊ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်လျက်ရှိသည်ကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ယနေ့နိုင်ငံတကာမျက်နှာစာတွင် စီးပွားရေးပြိုင်ဆိုင်မှုများ၊ နိုင်ငံရေးအငြင်းပွားမှုများ၊ လက်နက်ကိုင်ပဋိပက္ခဖြစ်မှုများ၊ သမိုင်းအစဉ်အဆက်ထိန်းသိမ်းပျိုးထောင်လာခဲ့ကြသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များကို လျစ်လျူရှုပြီး တစ်ဖက်သတ်လုပ်ဆောင်မှုများ၊ လူသားအချင်းချင်း အကြမ်းဖက်အနိုင်ကျင့်မှုများစသည့် ပရမ်းပတာဖြစ်စဉ် ဖြစ်ရပ်များနှင့်အတူ ကမ္ဘာကြီး၏အနာဂတ်သည်လည်း မရေမရာမသေချာမှုများက ကြီးစိုးလွှမ်းမိုးနေသည်ကို တွေ့မြင်နေရလျက်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် ယနေ့ကမ္ဘာကြီးသည်ဆင်းရဲနွမ်းပါးမှုများ၊ ငတ်မွတ်ခေါင်းပါးမှုများ၊ ကပ်ရောဂါကျရောက်မှုများ၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများ၊ ရာသီဥတု ဆိုးရွားဖောက်ပြန်မှုများစသည့် အနိဋ္ဌာရုံမြင်ကွင်းများဖြင့် ပြည့်လျှမ်းနေသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်ခံစားနေကြရလျက်ရှိကြောင်း။

ယင်းကဲ့သို့အခြေအနေအချိန်အခါမျိုးတွင် ယနေ့ကမ္ဘာကြီး၌ ကျရောက်နေသည့် အနိဋ္ဌာရုံမြင်ကွင်းများ၊ ပဋိပက္ခတရားများပပျောက်သွားစေရေးအတွက် သမိုင်းအစဉ်အဆက်၌ ကမ္ဘာကြီးကို တည်ငြိမ်အေးချမ်းစေရန် စောင့်ရှောက်လာခဲ့သည့် အပြည်ပြည်ဆိုင်ရာဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ဓလေ့ထုံးတမ်းကျင့်ဝတ်များ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးများနှင့်အညီ နိုင်ငံအချင်းချင်း အပြုသဘောလက်တွဲပူးပေါင်းကူညီဖေးမဆောင်ရွက်သွားကြမှသာ ယနေ့ကမ္ဘာကြီး၏ အနာဂတ်ရေးသည် တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုများဖြင့် ပြည့်ဝလာလိမ့်မည်ဟု ယုံကြည်ထားကြောင်း။

လက်တွဲကြိုးပမ်းတည်ဆောက်

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံတကာ၌ မရေရာမသေချာသည့် အခြေအနေများ ဖြစ်ပေါ်နေချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းမှုကိုထိန်းသိမ်းမြှင့်တင်ထားနိုင်သည့်အပြင် ယခင်တစ်ချိန်တစ်ခါက လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုသွေးချင်းများအကြား ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းနေပြီး နိုင်ငံတော်အတွက် တိကျခိုင်မာသည့် အနာဂတ်ကို လက်တွဲကြိုးပမ်း တည်ဆောက်နေကြပြီဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများ လက်ရှိ ပကတိအခြေအနေမှန်များနှင့် ကိုက်ညီဆီလျော်ဆုံးဖြစ်မည့်အပြင် တိုင်းရင်းသားပြည်သူများအားလုံး၏ လိုအင်ဆန္ဒနှင့်လည်း အညီညွတ်ဆုံးဖြစ်မည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် တိုင်းရင်းသားလူမျိုးများ၊ လူထုလူတန်းစားအလွှာများ၊ နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကြီးတွင်နိုင်ငံတော်၏ အနာဂတ်အတွက် အခြေခံကောင်းများကို ပုံဖော်သွန်းလောင်းနေကြပြီဖြစ်ကြောင်း။

ဆက်လက်အားပေးကူညီ

ထို့ကြောင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် တည်ငြိမ်ခိုင်မာသော အနာဂတ်ကို ပုံဖော်တည်ဆောက်ပေးနေသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမခြေလှမ်းဖြစ်သော အမျိုးသားညီလာခံကြီး ဆုံးခန်းတိုင် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံးက ဆက်လက်ပြီး အားပေးကူညီ ပူးပေါင်းဆောင်ရွက်သွားကြရန်တာဝန်ရှိသည်ဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ် အနေဖြင့်ပြောကြားလိုသည်မှာ-

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာအလယ်တွင် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် အမျိုးသားပညာရည်မြင့်မားမှုစွမ်းပကားဖြင့် ဖော်ဆောင်ပေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့်မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီ ပညာရည်ထူးချွန်ထက်မြက်သောအသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား သင်တန်းသူ တက္ကသိုလ်ကောလိပ် ဆရာဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နံနက် ၁၁နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၈၅၈ဦးတို့ တက်ရောက်လျက်ရှိသည်။ သင်တန်းကာလမှာ တစ်လဖြစ်သည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းလျာထားချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂

သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၀၃-၂၀၀၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၀၄-၂၀၀၅ ခုနှစ် လုပ်ငန်းလျာထားချက်များ ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန(ရုံးချုပ်) တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်နယ်၊တိုင်း ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊တိုင်း တာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးက ၂၀၀၃-၂၀၀၄ခုနှစ် လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းပြောကြားပြီး ၂၀၀၄-၂၀၀၅ ခုနှစ် လုပ်ငန်းရည်မှန်းချက်နှင့် ပတ်သက်၍ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ခင်းကိစ္စများ၊ တရားမဝင်သစ်ခိုးမှု ပပျောက်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရေး၊မြန်မာ့သစ်လုပ်ငန်းမှအကောင်အထည်ဖော်ဆောင်ရွက်ရမည့်လျာထားသတ်မှတ်ထားသည့် ပြည်တွင်း၊ပြည်ပ ဝင်ငွေပြည့်မီအောင်ရရှိရေး၊သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် မြေတိုင်းဦးစီးဌာနမှ UTM စနစ်သို့ မြေပုံများ ပြောင်းလဲထုတ်လုပ်ရာတွင် လျာထားသည့် မြေပုံချပ်ရေ ပြီးစီးရေးတို့ကို ရှင်းလင်းပြောကြားသည်။

ချွေတာ

ထို့နောက်ဝန်ကြီးကလုပ်ငန်း၊ ဌာနများတွင် လျှပ်စစ်မီး၊စက်မောင်းဆီနှင့် ဘဏ္ဍာငွေသုံးစွဲမှုများ အတတ်နိုင်ဆုံး ချွေတာသုံးစွဲသွားကြရန်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျော်ဖုံးမှ

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် ကျောက်မျက်တန်ဖိုးအများဆုံး ဝယ်ယူသွားသည့် ထိုင်းနိုင်ငံမှ Ms.Sathinee Mahadumrongkiat အား အထူးရောင်းချပွဲကျင်းပရေးဗဟိုကော်မတီဝင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်က ကျောက်ကပ်ပန်းချီကားချပ် ဂုဏ်ပြုချီးမြှင့်သည်။

ရောင်းချရ

၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင်ဇွန်၂၉ ရက်မှ ဇူလိုင် ၁ ရက်အထိ သုံးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၆၈ တွဲကိုလည်းကောင်း၊ ဇူလိုင် ၂ ရက် (ယနေ့)တွင် ကျောက်မျက်အတွဲပေါင်း ၃၁တွဲကိုလည်းကောင်းရောင်းချရသည်။

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ နိုင်ငံပေါင်း ခုနစ်နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၈၉ ခုမှ ရတနာကုန်သည် ၄၈၇ဦး၊ ပြည်တွင်းကုမ္ပဏီ ၁၂၉ ခုမှ နိုင်ငံသားရတနာကုန်သည် ၃၀၃ဦး စုစုပေါင်း ရတနာကုန်သည် ၈၇၀ တက်ရောက်ခဲ့ကြပြီး အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသည်။

(သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ဇူလိုင် ၁ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၅၃ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၁

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ လွန်ခဲ့သည့်နှစ် မတ်လထဲ၌ စစ်ပွဲစတင်ဆင်နွှဲခဲ့ချိန်မှစ၍ ဇူလိုင် ၁ ရက်အထိ အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၅၃ ဦး ဖြစ်သည်။

ယင်းအနက် ၆၃၂ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၂၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ အီရတ်ကို ဆင်နွှဲသောစစ်ပွဲသည် ၂၀၀၃ ခုနှစ် မေလ ၁ ရက်၌ ပြီးဆုံးခဲ့သည်။

အီရတ်၌သေဆုံး

ထိုနေ့မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၁၅ ဦးဖြစ်ပြီး ယင်းအနက် ၅၂၃ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၉၂ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု ဆိုသည်။

အီရတ်၌ အမေရိကန်၏ အခြားအပေါင်းပါတပ်ဖွဲ့ဝင်များလည်း စစ်ပွဲစတင်ခဲ့သည်မှ သေဆုံးမှုများရှိခဲ့သည်။

အခြားတပ်ဖွဲ့ဝင်

အဆိုပါတပ်ဖွဲ့ဝင်များမှာ ဗြိတိသျှ ၅၉ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလင်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။ **(အင်တာနက်)**

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်အိမ်အတွင်းမှ အပျက်အစီးများကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှ လုံခြုံရေးအတိုင်ပင်ခံတစ်ဦး မိုဆူးလ်မြို့၌ ချုံခိုတိုက်ခိုက်ခံရပြီး သေဆုံး

လန်ဒန် ဇွန် ၃၀

အီရတ်နိုင်ငံတွင် လုံခြုံရေးအတိုင်ပင်ခံအဖြစ် အလုပ်လုပ်နေသော ဗြိတိသျှလူမျိုးတစ်ဦးသည် ၎င်း၏ မော်တော်ယာဉ်အား ချုံခိုတိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားကြောင်း ဗြိတိသျှနိုင်ငံခြားရေးရုံးက အင်္ဂါနေ့က ပြောကြားသည်။

အဆိုပါသေဆုံးသူမှာ ဝေလပြည်နယ်မှဖြစ်ပြီး ဘဂ္ဂဒက်မြို့မြောက်ဘက်မိုင်၂၄၀အကွာရှိ မိုဆူးလ်မြို့၌ ဇွန် ၂၄ရက်က သေဆုံးချိန်တွင် အီရတ်လေ့ကျင့်ရေး ရဲတပ်ဖွဲ့အား ကူညီပေးခဲ့ကြောင်း ပြောရေးဆိုခွင့် အမျိုးသမီးပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အသတ်ခံရ

ယင်းကုမ္ပဏီက သေဆုံးသူအားနောက်ပိုင်းမှ မိဘ ဆွေမျိုးသားချင်းများအား အကြောင်းကြားပေးခဲ့ပြီး ၎င်း၏ ရုပ်အလောင်းကို နေရင်းနိုင်ငံသို့ ပြန်ပို့ပေးခဲ့သည်ဟု သူမက ပြောကြားသည်။

အီရတ်နိုင်ငံရှိ လုံခြုံရေးဆိုင်ရာ လုပ်ငန်းများနှင့် ပြန်လည် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကြီးများ၌ အလုပ်လုပ်နေသော နိုင်ငံခြားသား ဒါဇင်အချို့ လွန်ခဲ့သောလများအတွင်းက အသတ်ခံခဲ့ကြရသည်။

သေဆုံး

ဇွန်လ တစ်လတည်း၌ မိုဆူးလ်မြို့၌ မော်တော်ယာဉ်အား သေနတ်ဖြင့် ချုံခိုတိုက်ခိုက်မှုကြောင့် ဗြိတိသျှလူမျိုးတစ်ဦး၊ ဘဂ္ဂဒက် ကားဗုံးခွဲတိုက်ခိုက်မှုတွင် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြရသည်ဟု သတင်းရရှိသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲ၍ ကန်ဟမ်းဗီးယာဉ်ပျက်စီး အမေရိကန် မရိန်းတပ်ဖွဲ့ဝင်သုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သုံးဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက် ပြောခွင့်ရှိသူက ပြောကြားသည်။

ဒဏ်ရာရ

အင်ဂျင်နီယာပစ္စည်းကိရိယာများကို သယ်ဆောင်လာသော ယာဉ်တန်းအား စောင့်ကြပ်လိုက်ပါလာသည့် ဟမ်းဗီးယာဉ် လမ်းဘေးဗုံးပေါက်ကွဲ ထိမှန်ပြီးပျက်စီးရာတွင် အခြားမရိန်းတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိကြောင်း ထိုပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် လမ်းဘေးဗုံးတစ်လုံး အင်္ဂါနေ့က ပေါက်ကွဲသဖြင့် အရေအတွက် မသိရသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း၊ ဖြစ်ပွားရာနေရာ၌ ထိုနေ့က ရှိနေခဲ့သော မရိန်းတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ပျက်စီး

လမ်းဘေးဗုံးသည် ကနဲလ်အရပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဟမ်းဗီးယာဉ်တစ်စီး ပျက်စီးခဲ့သည်။ တနင်္လာနေ့၌ အီရတ်ကြားဖြတ်အစိုးရသို့ အချုပ်အခြာအာဏာလွှဲပေးခဲ့ပြီးနောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင်များအား ယခု တိုက်ခိုက်ခြင်းသည် ပထမဆုံးအကြိမ် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ကက်စ်ဆီနာအာကာသယာဉ် စနေဂြိုဟ်ကို လေ့လာမည်

ကိုလံဘီယာ ဇွန် ၃၀

အာကာသ စူးစမ်းလေ့လာမှု၏ နောက်ထပ် သမိုင်းမှတ်တိုင်တစ်ရပ်အနေဖြင့် နေတိုး၏ ကက်စ်ဆီနာ အာကာသ စူးစမ်းရေးယာဉ်သည် စနေဂြိုဟ်၏ဂြိုဟ်ပတ်လမ်းအတွင်းသို့ ယနေ့ ရောက်ရှိသွားမည်ဖြစ်ပြီး ၎င်းဂြိုဟ်အား လေးနှစ်ကြာ စူးစမ်းလေ့လာမှုကိုစတင်မည်ဖြစ်သည်။ စနေဂြိုဟ်တွင် ကွင်းခုနစ်ကွင်းနှင့် အရန်လ ၃၁စင်းရှိသည်။ **(စီအင်န်အင်န်)**

ဝင်ရောက်ရှာဖွေ

ဘဂ္ဂဒက်မြို့တွင် အိမ်တစ်အိမ်အတွင်း ဝင်ရောက်စီးနင်းရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအနှံ့ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေ ဘဂ္ဂဒက်တောင်ပိုင်း၌ ရေနံပိုက်လိုင်း ထပ်မံမီးရှို့ဖျက်ဆီးခံရ

ဘဂ္ဂဒက် ဇူလိုင် ၁

အီရတ်ယာယီအစိုးရထံ အမေရိကန်တို့ အုပ်ချုပ်ရေးကိုလွှဲပြောင်းပေးခဲ့ပြီးနောက် လက်နက်ကိုင်တိုက်ခိုက်မှုများ ယမန်နေ့က ဆက်လက်ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ အုပ်ချုပ်ရေးလွှဲပြောင်းပေးခဲ့ပြီး ၂၇ နာရီအကြာ ဘဂ္ဂဒက်မြို့တွင်း၌ အမေရိကန်တို့၏ စစ်ဘက်ယာဉ်တစ်စီးအား လမ်းဘေးဗုံးဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ ပျက်စီးဆုံးရှုံးရမှုနှင့် သေဆုံးဒဏ်ရာရရှိမှုများ ရှိခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် အုပ်ချုပ်ရေးပြန်လည်လွှဲပြောင်းပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များအား ပထမဆုံးတိုက်ခိုက်ခြင်း ဖြစ်သည်။ ထို့အပြင် ဘဂ္ဂဒက်မြို့ရှိ အီရတ်တို့၏ ရဲစခန်းနှစ်ခုသည်လည်း သေနတ်များ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ပြီး အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ကယ်ကွတ်မြို့တွင်လည်း ရဲမှူးကြီးလိုက်ပါလာသော မော်တော်ယာဉ်ကို တိုက်ခိုက်ခဲ့ရာ ၎င်းအီရတ် ရဲမှူးကြီးမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့ပြီး ဒဏ်ရာအနည်းငယ်သာရရှိသော်လည်း ၎င်း၏သက်တော်စောင့် သေဆုံးသွားသည်။ တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ ရေနံပိုက်လိုင်းတစ်ခု ထပ်မံမီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့်အတွက် မီးသတ်များက ထိန်းချုပ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး အီရတ်ရေနံလုပ်ငန်း တာဝန်ရှိသူများကလည်း ရေနံများကို ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်းက နိုင်ငံတောင်ပိုင်းရှိ ပင်မရေနံပိုက်လိုင်းများကို တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်နေစဉ် ယခုလိုထပ်မံတိုက်ခိုက်ခြင်း ခံခဲ့ရခြင်းဖြစ်သည်။ ယခုအုပ်ချုပ်ရေး လွှဲပြောင်းချိန်ကာလတွင် ရေနံလုပ်ငန်းနှင့်အတူ သောက်သုံးရေ၊ လျှပ်စစ်ဓာတ်အားကဲ့သို့ အခြေခံအဆောက်အအုံများကိုလည်း တိုက်ခိုက်လာနိုင်ကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားသည်။ **(စီအင်န်အင်န်)**

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက တီထွင် ထုတ်လုပ်ထားသော စက်ရေတွင်း တူးဖော်စက်များကို အမျိုးသားဇာတ်ရုံ ပရဝဏ်အတွင်း ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

စာကြည့်တိုက်ဖွင့်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဝမ်ခုတ်ကျေးရွာတွင် ကျေးရွာနေ တိုင်းရင်းသားပြည်သူများ အသိအမြင် ဗဟုသုတ တိုးပွားစေရန်အတွက် ကျေးရွာ စာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ဝက်ဝံ–တောင်ခမ်းလမ်းကို စက်ယန္တရားကြီးများဖြင့် ဤသို့ဖောက်လုပ်ပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

မကွေးတိုင်း နတ်မောက်မြို့ရှိ ကျောင်းသားကျောင်းသူများအခြေခံပညာသင်ကြားနိုင်ရန်အတွက် တည်ဆောက်ပေးထားသော နတ်မောက် အခြေခံပညာအလယ်တန်းကျောင်းဆောင်များကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း တို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁)၊ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရှေ့ပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ) အဖွဲ့ တို့မှညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မှတ်တမ်းလက်မှတ်ထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ကရင်ပြည်နယ်မှ ဦးစောစိုးတင့်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် မကွေးတိုင်းမှ ဦးကျော်ဆန်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၁၀၈၈ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၆၅ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇၃သမ၈၉ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မှုများချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ဆွေးနွေးအကြံပြု ချက်စာတမ်းကို ယင်းအစုအဖွဲ့မှညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

ရှေးဦးစွာ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ်မှ ဦးမရန်တန်ဂွန်းက စတင်ဖတ်ကြားတင်ပြသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍကို ညီလာခံကိုယ်စားလှယ် ဧရာဝတီတိုင်းမှ ဒေါ်ခင်စောမူက ဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း ကဏ္ဍာတို့ကို ညီလာခံကိုယ်စားလှယ် ကရင်ပြည်နယ်မှ ဦးစောစိုးတင့်က ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မှုများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် မကွေးတိုင်းမှ ဦးကျော်ဆန်းက ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် နေ့လယ်စာသုံးဆောင်ရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ခေတ္တရပ်နားသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ၂နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် ရန်ကုန်တိုင်းမှ ဦးလှအေးက ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စု နယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကို ညီလာခံကိုယ်စားလှယ် မန္တလေးတိုင်းမှ ဦးသန်းဝင်းက ဆက်လက်ဖတ်ကြား တင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၆ ခုနှစ် ဇူလိုင် ၅ ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ကချင်ပြည်နယ်မှ ဦးမရန်တန်ဂွန်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ဧရာဝတီတိုင်းမှ ဒေါ်ခင်စောမူက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ရန်ကုန်တိုင်းမှ ဦးလှအေးက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် မန္တလေးတိုင်းမှ ဦးသန်းဝင်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ်များကိုတွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား အေဝမ်းစိုးမြင့်ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေ

ရန်ကုန် ဇူလိုင် ၂

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် အေဝမ်းစိုးမြင့်ခေတ်ပေါ်တေးဂီတအဖွဲ့က ဂန္ထဝင်တေးများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (အပေါ်ပုံ) **တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများကိုချီးမြှင့်ကာ ဂီတအနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။**

အဆိုပါ ဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှု နားသောတဆင်အားပေးကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အေဝမ်းစိုးမြင့် ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာတွင် မေဘရဏီခိုင်က "တောင်းဆုမေတ္တာဝေ"၊ တက္ကသိုလ်ကိုကိုဇော်က အက ဆုသျှားလတ်နှင့် တွဲဖက်၍ "ခိုင်မာလာနှင်းဆီ"၊ ဆုသျှားလတ်က"မေတ္တာနုနုစေလိုသူ"၊ ခိုင်ရဲက "ဆရာမ"၊ ဟေမာနေဝင်းက "ဆောင်းကတ္တီပါ"၊ တင်ဦးလေးက "ဘာပဲလုပ်ရလုပ်ရ"၊ ထပ်ဆင့်အကယ်ဒမီ မြင့်မြင့်ခင်က "နပန်းဆံ"၊ သန်းမြတ်စိုးက "တူရိယာလုလင်"၊ ထပ်ဆင့်အကယ်ဒမီ ချိုပြုံးက "တက္ကသိုလ်ကျောင်းက ငွေလမင်း"၊ ခင်မောင်ထူးက "ချစ်ခြင်းတရားနှင့်ပြည်ထောင်စု"၊ အေးအေးအောင်က "အရိပ်ပမာမခွဲမခွာ"၊ မောင်ထွန်းမင်းက "အချိန်ရမှနားထောင်ပါ"၊ နွဲ့ယဉ်ဝင်းက "ရွှေပင်လယ်"၊ ကေတုဝင်းထွဋ်က"နတ်ရှင်နောင်"၊ကေဂျာနူးက "ခင်သလား၊ ချစ်သလား"၊ မောင်မောင်ကြီးက "အကျည်းတန်ချစ်သူ"၊ ဆုရည်က "မိုးယံမှသည် ချစ်သူဆီသို့"၊ ရာဇာဝင်းတင့်က "မခင်နှင်းဆီ"၊ ဂျီဖုံးကိက "ဂျိမ်းဖောပွဲတော်"၊ ဂျီဖုံးကိနှင့် ကေဂျာနူးတို့က "ကောက်ရိတ်သိမ်းပွဲတော်"၊ကုံကော်တောမျိုးအောင်က "ရင်ကိုအေးမြစေသား"၊ တင်တင်မြက "တစ်ကျော့နှစ်ကျော့တေးကိုသီ" သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အေဝမ်းစိုးမြင့်ခေတ်ပေါ်တေးဂီတ အဖွဲ့သူအဖွဲ့သားများက"ဇာတိမာန်"သီချင်းကို သံပြိုင်သီဆို ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်ပွဲတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အေဝမ်းစိုးမြင့် ခေတ်ပေါ်တေးဂီတအဖွဲ့မှ အနုပညာရှင်များအား ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်ရာ အေဝမ်းစိုးမြင့်နှင့်တေးသံရှင် တင်တင်မြတို့က လက်ခံကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းက ဂုဏ်ပြုဆုငွေကျပ် ၁၀၀၀၀၀နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ) က ဂုဏ်ပြုဆုငွေကျပ် ၁၀၀၀၀၀ တို့ကို အနုပညာရှင်များအား ချီးမြှင့်ရာ အနုပညာရှင်များကိုယ်စား အေဝမ်းစိုးမြင့်က လက်ခံသည်။

ထို့ပြင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များကလည်း တေးသံရှင်များ သီဆိုဖျော်ဖြေတင်ဆက်နေစဉ်တွင် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တေးသံရှင်များက ဂန္ထဝင်တေးများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ဒုတိယ၊တတိယအဆင့်သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂

အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဒုတိယ၊ တတိယ အဆင့်သင်တန်း အမှတ်စဉ်(၇၇) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက်က စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း တက်ရောက် အမှာစကားပြောကြားသည်။ သင်တန်းသို့ ဝန်ကြီးဌာန ၃၀ အောက်ရှိ ဦးစီးဌာန ၃၀ခုနှင့် စီးပွားရေးအဖွဲ့အစည်း ၃၅ခုတို့မှ ဝန်ထမ်း ၁၅၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးလဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သားငါးပွဲ့ ပြိုး ပြည်အကျိုး

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုပါသည်

ယုဝတီခင်ဦး

ဝတ်မှုန်ဝါဝါနှင့် အပွင့်ဖြူဖြူ ကံ့ကော်ပင်ပျိုတို့သည် မရမ်းကုန်းမြို့နယ် သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်အတွင်း နှစ်များမကြာမီ မွှေးထုံပျံ့သင်းကာ ပွင့်ကြပေတော့မည်။ ထို့နောက် ရင်ထဲအထိ မွှေးပြီးအေးသွားစေမည့် ခရေပွင့်တွေလည်း လေအဝင့်တွင် ဘုရားကုန်းတော်ပေါ်၌ တဖွေးဖွေးနှင့် ငွေသင်ဖြူးခင်းပေတော့မည်။

မြန်မာအမျိုးသမီးများနေ့သည် ဇူလိုင်လ ၃ရက်နေ့ ဖြစ်သည်။ အေးချမ်းသာယာသော နိုင်ငံတော်ကြီး၏ လူဦးရေ ထက်ဝက်ကျော်သည် အမျိုးသမီးထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့် တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးစေရန် ဦးနှောက်ထဲမှ အကြံဉာဏ်များ၊ နှလုံးသားထဲမှ မေတ္တာများ၊ ခန္ဓာကိုယ်မှ ခွန်အားများဖြင့် အစွမ်းကုန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုမည့် ချစ်စရာ၊ လေးစားစရာ အထိမ်းအမှတ်ဖြစ်သော သစ်ပင်စိုက်ပျိုးပွဲတော်ကိုလည်း အမြဲကျင်းပကြသည်။ ၂၀၀၄ ခုနှစ်တွင် သဗ္ဗညုပုထိုးတော်ကြီး ပရိဝုဏ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီးမြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ကံ့ကော်၊ ခရေတို့ကို ဇွန်လ ၂၀ရက်နေ့ နံနက် ၉နာရီက စိုက်ပျိုးခဲ့ကြသည်။

ထို့အပြင် ထိုနေ့ နံနက် ၁၀နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ပြီး ကံ့ကော်ပင် စိုက်ပျိုးပေးခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ အဖွဲ့ဝင်များသည် **"သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့"** ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးရန် မိမိတို့သတ်မှတ်ထားသော နေရာများတွင် ရွှင်ရွှင်ပြုံးပြုံး ရှိနေကြသည်။ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဒုတိယဝန်ကြီးများလည်း တက်ရောက်ကြသည်။

၎င်းအပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ နာယက၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာတာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ စုံစုံညီညီတက်ရောက်ကြသည်မှာ အားရ ဂုဏ်ယူဖွယ်ကောင်းလှသည်။

ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်အသီးသီး သစ်ပင်စိုက်ပျိုးခဲ့ကြရာ ထိုနေ့က စုစုပေါင်းသစ်ပင် ၅၀၀ စိုက်ပျိုးခဲ့သည်ဟု သိရသည်။ သစ်ပင်စိုက်ပျိုးပွဲတော်အပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တိုင်းရင်းသားကျေးရွာတွင် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း စိမ်းပြာလဲ့လဲ့ တူညီဝတ်စုံများ၊ ဝင်းဝါရွှေရောင်ထဘီဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသူများ၊ မြက်ခင်းရောင်စိမ်းစိမ်း၊ ရေကန်ပြာပြာ၊ ဖြူနီဝါပြာ ပန်းမာလာများ၊ အင်းလေးရေကန်တွင် ခြေထောက်ဖြင့် လှေလှော်နေသူအမျိုးသား၊ လှေဦးထိပ်တွင် ဆွမ်းအုပ်ပိုက်လျက်ရှိသော အင်းလေးသူ၊ ကချင်ရွာ၊ ကယားရွာ၊ ကရင်ရွာ၊ ချင်းရွာ၊ ဗမာရွာ၊ မွန်ရွာ၊ ရခိုင်ရွာ၊ ရှမ်းရွာ စသည့် တိုင်းရင်းသားတို့နှင့် အပြန်အလှန် လက်ပြနှုတ်ဆက်ကြသည်။

ကျက်သရေဆောင် နန်းမြင့်မျှော်စင်ကြီး၊ဖွဲ့ကပင်တောင်၊ ကျိုက်ထီးရိုးစေတီ၊ ခါကာဘိုရာဇီတောင်၊ တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ထုက္ကန်သိမ်၊ စိမ်းပြာပြာရေကန်ထဲမှ ဖြူဖွေးနေသော ကြာဖူးကြာပွင့်များတို့ ကလည်း အလှကျက်သရေဆောင်လျက်ရှိသည်။ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ တကယ့်တိုင်းရင်းသား ကျေးရွာများကို ရောက်နေသကဲ့သို့ ခံစားရသည်။ ထိုနေ့က မြန်မာအမျိုးသမီးများနေ့ကို ရင်ထဲတွင် ကြည်နူးစွာ ကြိုဆိုခဲ့ရသည်ကို မမေ့နိုင်။

၂၆-၅-၂၀၀၄ ရက်နေ့ကလည်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့်တင်ဆက်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို အမျိုးသားဇာတ်ရုံတွင် တင်ဆက်ခဲ့သေး သည်။ အဖိုးနှုန်းချိုသာသော ပြည်တွင်းဖြစ်အဝတ်အထည်များ ဝတ်ဆင်၍ ယဉ်ကျေးလှပလုံခြုံစွာ ဝတ်စားဆင်ယင်မှုကို တန်ဖိုးထားလေးစားတတ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက် အားပေးချီးမြှင့်ခဲ့သည်။

ပြပွဲသို့ တက်ရောက်ကြည့်ရှုကြသော အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ် များ၊ အထွေထွေအတွင်းရေးမှူးနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် မျိုးဆက်သစ်ကျောင်းသူများသည် အမျိုးသားဇာတ်ရုံနှင့် အပြည့်ပင်။

မျိုးဆက်သစ်ကလေး များ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ မကျင်းပမီပင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၏ လှပစွာ ကျက်သရေရှိသော ဝတ်စားဆင်ယင်မှုများကို မြင်လိုက်ရ၍ အမောပြေသွားသည်။ ပြဇာတ်စင်မြင့်တွင် ပြင်ဆင်ထားပုံကလည်း လှပသေသပ်သည်။ မနိမ့်မမြင့် လှေကားထစ်များ၊ တစ်ဖက်တစ်ချက်၌ ဆင်ထားသော ခံ့ခံ့ညားညား ရုပ်မြင်သံကြားစက်များကို ကြည့်နေစဉ် အခမ်းအနားမှူးက အစီအစဉ်ကို ကြေညာပြီးသည်နှင့် မျက်တောင်မခတ်မိဘဲ ငေးကြည့်ရသော မျိုးဆက်သစ်ကျောင်းသူကလေးများ၏ ဝတ်စားဆင်ယင်ပြင်ဆင် ထုံးဖွဲ့မှုများမှာ ချစ်စဖွယ်နှင့် တင့်တယ်လှပေသည်။

မျိုးဆက်သစ်ကလေးများ၏ ရုပ်ကလေးများကလည်း လှပချောမွေ့၍ ကျက်သရေရှိသည်။ ချည်ထည်၊ ပိုးထည်နှင့် တိုင်းရင်းသားရိုးရာအဝတ်အထည်များကို ခေတ်မီယဉ်ကျေးလှပသော ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုံးချိုချို ချစ်စရာမျက်နှာဖြင့် ကိုယ်လုံးသွယ်သွယ်တွင် ယဉ်ကျေးသိမ်မွေ့စွာ တင်ဆက်ပြသရာ ဧည့်သည်တော် များအားလုံး ရွှင်ပြုံးကာ တစ်ခဲနက် အားပေးကြသည်။

ကျောက်စိမ်းမဟေသီ အမည်ဒီဇိုင်းဖြင့် ဝတ်စားဆင်ယင်ထားသူကလေးသည် မြစိမ်းမင်းသမီးလားဟု ထင်ရသည်။ ထို့အတူပင် ရာမည သမီးပျိုအမည်ဖြင့် တောက်ပသော အနီရောင် ဝတ်စားဆင်ယင်မှု၊ မဟူရာ ငွေစင်းအမည်ရှိ အနက်ရောင်ဖြောင်ထဘီနှင့် ငွေစင်းအင်္ကျီဒီဇိုင်း၊ ပတ္တမြားဒေဝီ၊ ရွှေအင်ကြင်း၊ မဟူရာသင်္ဂီ၊ ထို့နောက် တောင်လှေကားအမည်ရှိ အင်္ကျီနှင့်ချိတ်လုံချည်ဒီဇိုင်းမှာလည်း မက်မောဖွယ်ရာ။ အင်းလေးဆည်းဆာဒီဇိုင်းမှာလည်း တကယ်ပဲ အင်းလေးကန်ညနေစောင်းမှ နေရောင်ခြည်အောက်တွင် ရောက်သွားသကဲ့သို့ ခံစားရသည်။ မနောသဇင်အမည်ဖြင့် လုံချည်နှင့်အင်္ကျီလက်ရှည်အနီတွင် ပန်းသဇင်နွယ်ခက်များနှင့် ယဉ်ယဉ်ကလေး ဝတ်ဆင်ထားသည့် အလှမျိုးစုံ၊ ဒီဇိုင်းမျိုးစုံဖြင့် မျိုးဆက်သစ်ကျောင်းသူကလေးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ရှုမြင်ရသည်မှာ သဘောကျလွန်းသဖြင့် လက်ခုပ်သြဘာသံများ ဝေစည်သွားပါသည်။

ဝတ်စားဆင်ယင်မှုပြပွဲတွင် မျိုးဆက်သစ် ကျောင်းသူကလေးများ ငါးယောက် တစ်အုပ်စု၊ အားလုံး ၁၅ ဦး ပါဝင်ပြသကြသည်။ ပထမတစ်ကြိမ် ဝတ်စားဆင်ယင်မှုများပြသပြီး ဒုတိယအကြိမ်အတွက် ပြင်ဆင်နေချိန်တွင် တေးသံရှင်များက သာယာချိုအေးသော တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ ဒုတိယတစ်ကြိမ် တင်ဆက်ပြသသော မျိုးဆက်သစ်ကလေးများမှာလည်း ချည်ထည်၊ ပိုးထည်တို့ဖြင့် လှပယဉ်ကျေးစွာ ဝတ်ဆင်ပြသရာ ကြည့်ရှု၍ မဝနိုင် ဖြစ်ရပါသည်။

ထို့နောက် အခမ်းအနားမှူးက ပြပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြသူများအားလုံးကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။ ဂီတစာဆို ဟသ်ာတမြင့်ငွေ ရေးစပ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ပြု **"အင်အားသစ်များနှင့်အတူ"** တေးသီချင်းကို တေးသံရှင် အယ်လ်ခွန်းရီက သာယာကြည်အေးသော အသံဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။ ပြပွဲတွင် ပံ့ပိုးကူညီသူများ၊ ပါဝင်သရုပ်ဆောင်သူများအားလည်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြရာတွင်လည်း ပညာရေး၊ သုတ၊ ရသတို့နှင့်ပြည့်စုံသော မြန်မာအမျိုးသမီးရေးရာမဂ္ဂဇင်းကို ထုတ်ဝေသွားမည် ဖြစ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မြန်မာအမျိုးသမီးငယ်များ အမျိုးအနွယ်ကို စောင့်ထိန်းရေး၊ ရိုးရာယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်း မြှင့်တင်ရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများရေးတို့အတွက် အမျိုးသားရေးအသိစိတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြု အစုပေါ်အမြတ်ငွေများ အသင်းသားများသို့ပေးအပ်

ရန်ကုန် ဇူလိုင် ၂

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်း လီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အစုအပေါ် အကျိုးအမြတ်ငွေများ အသင်းသားများသို့ ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၃၀ရက် နံနက်ပိုင်းက အသင်းတည်ရာမရမ်းကုန်းအမက (၂) ကျောင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ ဦးသန်းအေး၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးအောင်မိုးကျော်၊ မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာ ရေးနှစ်အတွက် အစုအပေါ် အကျိုးအမြတ်ငွေကျပ် ၅၅၄၅၀၀ကို အသင်းဥက္ကဋ္ဌ ဦးသန်းအေးက ပညာရေးဝန်ထမ်း အသင်းသားများကိုယ်စား မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းသို့ ပေးအပ်ပြီး **(အောက်ပုံ)** ပညာရေး မိသားစုများက အငြိမ်းစား ကျောင်းအုပ်ကြီး နှစ်ဦးသို့ ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အမှုဆောင်အဖွဲ့သစ်ရွေးချယ်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်မြို့ ရေကျော်လမ်းရှိ (YMBA) ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း ၂၀၀၄-၂၀၀၆ ခုနှစ် အမှုဆောင်အဖွဲ့သစ်ရွေးချယ်ပွဲကို ဇွန် ၂၇ ရက်ကပြုလုပ်ရာ ရွေးချယ်ခံရသူများ အဖြစ် ဥက္ကဋ္ဌ ဦးဗိုလ်နီ (အငြိမ်းစား သံအမတ်)၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြိုင်၊ ဦးကြင်လှိုင်၊ ဦးကျော်ခင်မြင့်၊ ဦးအောင်ကြွယ်၊ အတွင်းရေးမှူး ဦးစိန်သန်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်၊ ဦးမြစိန်၊ ဦးခင်မောင်၊ ဦးသန်းလွင်၊ စာရင်းစစ် ဦးခင်မောင်သစ်၊ ဦးမျိုးသိန်း၊ စာကြည့်တိုက်မှူး ဦးစိန်ရွှေတို့ အပါအဝင် အမှုဆောင် ၂၉ ဦးတို့အား ရွေးချယ်တာဝန်ပေးအပ်မည်ဟု သိရသည်။ (၃၅၂)

ဇွန် ၂၈ ရက်က ရန်ကုန်တိုင်းတာမွေမြို့နယ် အမှတ်(၁၅) အာသောကလမ်း မလွှကုန်းဈေးကြွယ်(က)ရပ်ကွက်နေ ဦးသောင်း-ဒေါ်နှင်းမြိုင် မိသားစုက ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးဖိုးနီ-ဒေါ်အေးချိုတို့အား ရည်စူး၍ သဃ်ာန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် သုဒဿနလမ်းရှိ ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်းငါးထောင်ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူစဉ်။ (က-ပ)

မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် Excel Treasure Tower ဖွင့်ပွဲတက်ရောက်ချီးမြှင့်၊ကမ္ပည်းမော်ကွန်းကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဇူလိုင် ၂

မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဓမ္မစေတီလမ်းထောင့်ရှိ Excel Treasure Tower ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ Super Technology Construction (Tokyo Pipe) ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ Excel Treasure Tower ဖွင့်ပွဲအခမ်းအနားကို အဆိုပါ Tower ရှေ့မျက်နှာစာ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် Super Technology Construction (Tokyo Pipe) ဥက္ကဋ္ဌ ဦးသိန်းဟန်တို့က Excel Treasure Tower ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က Excel Treasure Tower ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Excel Treasure Tower ရှိ အရောင်းခန်းမများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဖွင့်ပွဲအစီအစဉ်များကို ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ Super Technology Construction (Tokyo Pipe) ဥက္ကဋ္ဌ ဦးသိန်းဟန်က Super Technology Construction ၏ ဆောက်လုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများနှင့် Excel Treasure Tower တည်ဆောက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စင်ကာပူနိုင်ငံ Pagol Industrial Pte., Ltd. မှ General Manager, Mr. Alistair Chung က ဂုဏ်ပြုစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်လှစ်ရောင်းချလျက်ရှိ

ယနေ့ဖွင့်လှစ်လိုက်သည့် Excel Treasure Tower မှာ အထပ် ၁၁ ထပ်ရှိပြီး အထပ်ပေါင်း ခုနစ်ထပ်၌ အခန်းပေါင်း ၁၂၆ ခန်း ဖွဲ့စည်းထားရှိကာ ၁၀ ယောက်စီး ဓာတ်လှေကား လေးစင်းပါဝင်၍ အရောင်းခန်းမများ၊ ရုံးခန်းများ၊ ဟိုတယ်လုပ်ငန်းအပါအဝင် လူနေအိမ်ခန်းများနှင့် အပေါ်ဆုံးထပ်၌ မင်္ဂလာခန်းမတို့ပါဝင်လျက် Excel Shopping Mall အရောင်းခန်းမများ၌ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ရတနာပစ္စည်းအမျိုးမျိုး၊ ဖက်ရှင် အမျိုးမျိုး၊ ရေမွှေး၊ မိတ်ကပ်နှင့် နှုတ်ခမ်းနီတို့အပါအဝင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင် ပစ္စည်းအမျိုးမျိုး၊ နာရီအမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ အိတ်အမျိုးမျိုးအပါအဝင် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အထည်အလိပ် အမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ စားသောက်ဆိုင်များနှင့် Hyper Market တို့ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Excel Treasure Tower ကို တွေ့ရစဉ်။
(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် Excel Treasure Tower ရှိ အရောင်းခန်းမများကို လှည့်လည်ကြည့်ရှုစဉ်။
(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော် မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဇူလိုင် ၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေကြောင်း သိရသည်။

ဇူလိုင် ၃ရက်ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

လျှပ်စစ်ဓာတ်အား ခေတ္တပိတ်မည်

ရန်ကုန် ဇူလိုင် ၂

လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ သဘာဝဓာတ်ငွေ့ ပိုမိုဖြည့်ဆည်းပေးနိုင်ရန် အတွက် ဓာတ်ငွေ့ပိုက်လိုင်းအချို့ကို ပြုပြင်ရန် ရှိပါသဖြင့် လှော်ကား သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များကို ဇူလိုင် ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရပ်ထားမည်ဖြစ်သည်။

လှော်ကား ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များကို ခေတ္တရပ်ထားစဉ် ရန်ကုန်မြို့ပေါ်ရှိ ရပ်ကွက်အချို့နှင့် ရန်ကုန်တိုင်း အတွင်းမှ မှော်ဘီ၊ လှည်းကူး၊ ထောက်ကြန့်၊ တိုက်ကြီး၊ ဥက္ကံ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ ဒလ၊ ခနောင်တိုမြို့နယ်များ၊ ပဲခူးတိုင်းအတွင်းရှိ သာယာဝတီ၊ သုံးဆယ်၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက် မြို့နယ်များ၊ ဧရာဝတီတိုင်းအတွင်းရှိ ညောင်တုန်း၊ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး မြို့နယ်များကို ဓာတ်အားခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ဘလူမြို့ မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဇူလိုင် ၂

ဇူလိုင် ၂ရက် နံနက် ၉နာရီခွဲတွင် ကန့်ဘလူမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၂၃ မီလီမီတာ ၄ ဒသမ ၈၄ လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၁၂ နှစ်အတွင်း ဇူလိုင်လ အတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ် ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၁၂၀ မီလီမီတာ ၄ ဒသမ ၇၂ လက်မ ဖြစ်ပြီး ၁၉၉၂ ခုနှစ် ဇူလိုင် ၇ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

မိုးတစ်ကြိမ်နှစ်ကြိမ်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုး တစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှတ်သားဖွယ်မိုးရေချိန်များ

၂-၇-၂၀၀၄

ရန်ကုန်မြို့လယ်	ဒသမ ၀၄ လက်မ
မင်္ဂလာဒုံ	ဒသမ ၁၅ လက်မ
ကမ္ဘာအေး	ဒသမ ၂၇ လက်မ

(၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ
ညှိနှိုင်းရေးကော်မတီ အစည်းအဝေး
မြန်မာနိုင်ငံ၊ ရန်ကုန်မြို့
၂၀၀၄ခုနှစ် ဇူလိုင်လ (၁၀)ရက်နေ့မှ (၁၃)ရက်နေ့အထိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန
ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေများထုတ်ပြန်

(ယမန်နေ့က အဆက်)

အခန်း(၄)
ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း

၁၆။ ထိန်းချုပ်ဓာတုပစ္စည်းကိုပြည်ပမှ တင်သွင်းလိုသူသည် ပုံစံ(၆)ဖြင့် လည်းကောင်း၊ ပြည်ပသို့ တင်ပို့လိုသူ သည် ပုံစံ(၇)ဖြင့် လည်းကောင်း တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုလုပ်လိုသည့်အခါတိုင်း ထောက်ခံချက်ရရှိရန် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဦးစွာလျှောက်ထားရမည်။

၁၇။ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေ ၁၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းအတွက် စည်းကမ်းချက်များသတ်မှတ်၍ ပုံစံ(၈)ဖြင့် ထောက်ခံချက် ထုတ်ပေးရမည်။

၁၈။ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်းလုပ်ကိုင်ရန် နည်းဥပဒေ ၁၇ အရ ထုတ်ပေးသော ထောက်ခံချက်ကို ရရှိသူသည် တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့တင်ပို့ခွင့် လိုင်စင်၊သို့မဟုတ် ပါမစ်ရယူပြီးမှ တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုရမည်။

၁၉။ ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့တင်ပို့ခွင့် ရရှိသူသည် ထိန်းချုပ် ဓာတုပစ္စည်း တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြလျက်ကုန်အမှာစာ၊ ကုန်တင်စာရင်း၊ ကုန်ပို့လွှာ၊ သင်္ဘောကုန်တင် စာရွက်စာတမ်းများနှင့် အခြားလိုအပ်သော စာရွက်စာတမ်း အထောက်အထားမိတ္တူများကို ပူးတွဲပြီး ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းမပြုမီ ကြိုတင်၍ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်-

(က) တင်သွင်းသူ၊ တင်ပို့သူ၏ အမည်၊ နေရပ်လိပ်စာနှင့် တင်သွင်း၊ တင်ပို့သည့်နိုင်ငံ၊

(ခ) ကုန်ပစ္စည်းမှာယူသူ၊ ဖော်ပြနိုင်ပါက ကုန်ပစ္စည်းမှာယူသူ၏ အမည်၊ နေရပ်လိပ်စာ၊

(ဂ) တင်သွင်း၊ တင်ပို့သည့် ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအမည်၊ တံဆိပ်အမှတ်အသား၊ အလေးချိန်၊ပမာဏနှင့် အရေအတွက်၊

(ဃ) ကုန်ပစ္စည်း၊ ထုပ်ပိုးပုံ၊ အထုပ်အရေအတွက်၊

(င) တင်ပို့မည့်၊ ဆိုက်ရောက်မည့်နေ့ရက်၊ အကောက်ခွန်ဆိပ်ကမ်း(Custom Port)၊ အကောက်ခွန် လေဆိပ်(Custom Aerodrome)နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းအမည်(Border Point of Entry/ Exit)၊ ခရီးစဉ်အဆုံး ကုန်ပစ္စည်း ရောက်ရှိမည့်နေရာ၊

(စ) တစ်ဆင့်တင်သွင်းမည့်၊ တင်ပို့မည့်၊ တစ်ထောက်ရပ်နားမည့် ပြည်ပနိုင်ငံအမည်၊ နေ့ရက်၊ ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ကုန်သွယ်ရေးစခန်း၊

(ဆ) နည်းဥပဒေ ၁၇နှင့်၁၈တို့အရ ထုတ်ပေးသည့် ထောက်ခံချက်၊ လိုင်စင်၊ ပါမစ်၊ နေ့ရက်နှင့် အမှတ်၊

(ဇ) ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်မည့် သင်္ဘော၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရထား၊

(ဈ) တင်သွင်း၊ တင်ပို့သည့်အကြိမ်၊

၂၀။ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့တင်ပို့ခွင့် ရရှိသူသည်-

(က) ထိန်းချုပ်ဓာတုပစ္စည်းကို တင်သွင်း၊ တင်ပို့သည့်အခါ-

(၁) ထိန်းချုပ် ဓာတုပစ္စည်းများကို လုံခြုံစွာထုပ်ပိုးပြီး တံဆိပ်အမှတ်အသားကို ကပ်ထားရမည်။

(၂) ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ နည်းဥပဒေ ၁၇နှင့် ၁၈တို့အရ ထုတ်ပေးသော ထောက်ခံချက်၊ လိုင်စင်၊ သို့မဟုတ် ပါမစ်မိတ္တူတစ်စောင်စီ တစ်ပါတည်း ပါရှိရမည်။

(၃) ပြည်တွင်းပြည်ပမှ အခွင့်အာဏာရှိသူ၊ သို့မဟုတ် တာဝန်ရှိသူ၏ စစ်ဆေးမှုကို ခံယူရမည်။

(၄) နည်းဥပဒေ ၁၉ ပါ အချက်တစ်ရပ်ရပ်ပြောင်းလဲ ပြင်ဆင်ရန် ရှိပါက ထိန်းချုပ်ဓာတု ပစ္စည်းကြီးကြပ်ရေး ကော်မတီသို့ ဆောလျင်စွာတင်ပြရမည်။

(၅) လမ်းခရီးတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက်ပို၍ လျော့နည်းခြင်းဖြစ်ပါက ထိန်းချုပ်ဓာတု ပစ္စည်းကြီးကြပ်ရေးကော်မတီသို့ ချက်ချင်းသတင်းပို့ရမည်။

(၆) နည်းဥပဒေ ၁၇ ပါ အချက်အလက် ဖော်ပြချက်များနှင့် စာရွက်စာတမ်း အထောက်အထားများကို အနည်းဆုံး နှစ်နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

၂၁။ ထိန်းချုပ်ဓာတုပစ္စည်းများကို ပြည်ပမှ တင်သွင်းသူသည်-

(က) အကောက်ခွန်ဦးစီးဌာနသို့သွင်းကုန်ကြေညာလွှာဖွင့်လှစ်ရန် အောက်ပါစာရွက်စာတမ်းများကိုပူးတွဲ၍တင်ပြရမည်-

(၁) ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီ၏ ထောက်ခံချက်နှင့် ယင်းကော်မတီသို့ တင်ပြသည့် သင်္ဘောမတင်မီ ကြိုတင်စစ်ဆေးချက်လက်မှတ် (Pre-Shipment Inspection Certificate)နှင့် အရောင်းအဝယ်ပဋိညာဉ်/ သဘောတူညီချက်၊

(၂) သွင်းကုန်လိုင်စင်/ ပါမစ်၊

(၃) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်၊

(၄) ကုန်ပို့လွှာ[Bill of Lading (B/L)]၊

(၅) ကုန်ပစ္စည်းထုပ်ပိုးစာရင်း[Packing List (P/L)]၊

(၆) ကုန်တန်ဖိုးငွေပေးချေမှု အထောက်အထား၊

(၇) ကုန်တန်ဖိုးစာရင်း၊

(၈) ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Country of Origin)၊

(ခ) ပြည်ပမှ တင်သွင်းခြင်းမပြုမီ နည်းဥပဒေ ၁၉နှင့် အညီ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

(ဂ) ပြည်ပမှ တင်သွင်းသည့် ထိန်းချုပ်ဓာတုပစ္စည်းကို နည်းဥပဒေ၂၄အရ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည့်အပြင် စစ်ဆေးအဖွဲ့က စစ်ဆေးပြီး ခွင့်ပြုမှသာ ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခွင့်ရှိသည်။

၂၂။ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပသို့တင်ပို့သူသည်-

(က) အကောက်ခွန်ဦးစီးဌာနသို့ ပို့ကုန်ကြေညာလွှာ ဖွင့်လှစ်ရန်၊ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲ၍တင်ပြရမည်-

(၁) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ၏ ထောက်ခံချက်၊

(၂) ပို့ကုန်လိုင်စင်/ပါမစ်၊

(၃) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်၊

(၄) အရောင်းအဝယ်ပဋိညာဉ်/သဘောတူညီချက်၊

(၅) ကုန်တန်ဖိုးငွေပေးချေမှု အထောက်အထား၊

(၆) နိုင်ငံတကာမှ အသိအမှတ်ပြုထားသော သင်္ဘောမတင်မီ ကြိုတင်စစ်ဆေးချက်လက်မှတ်၊

(၇) သင်္ဘောတင်ညွှန်ကြားလွှာ(Shipping Instruction)၊ (ရေကြောင်းကုန်စည်တင်ပို့ခြင်းအတွက်သာ)

(၈) ကုန်တန်ဖိုးစာရင်း၊

(၉) ကုန်ပစ္စည်းထုပ်ပိုးစာရင်း [Packing List (P/L)]၊

(၁၀) ကုန်လက်ခံစာရင်း (Booking Notes)

(၁၁) ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Country of Origin)၊

(ခ) ပြည်ပသို့တင်ပို့ခြင်းမပြုမီ နည်းဥပဒေ ၁၉နှင့်အညီလိုအပ်သော စာရွက်စာတမ်းအထောက်အထားများကို ထိန်းချုပ် ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ဆောလျင်စွာတင်ပြရမည်။

၂၃။ ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းသူ၊ ပြည်ပသို့ တင်ပို့သူသည် ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခြင်းအတွက် ဤနည်းဥပဒေများ၏ အခန်း(၅)ပါပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ သိုလှောင်ထားရှိပြီး လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအတွက် အခန်း(၆)ပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း သိုလှောင် ထိန်းသိမ်းခြင်းအတွက် အခန်း(၇)ပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း လိုအပ်သောခွင့်ပြုချက်ကို ရယူ၍ ဆောင်ရွက်ရမည်။

အခန်း(၅)
သယ်ယူပို့ဆောင်ခြင်း

၂၄။ (က) အောက်ပါ လုပ်ငန်းကိစ္စ တစ်ခုခုအတွက် ပြည်တွင်းတွင် သယ်ယူပို့ဆောင်လိုသူသည် သယ်ယူပို့ဆောင်သည့် အခါတိုင်း ခွင့်ပြုချက်ရရှိရန် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီသို့ ပုံစံ(၉)ဖြင့် လျှောက်ထားရမည်-

(၁) ပြည်တွင်းတွင် ထုတ်လုပ်သည့်၊ သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခြင်း၊

(၂) ပြည်ပနိုင်ငံတစ်ခုမှ တစ်ခုသို့ မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်း၍ ထိန်းချုပ်ဓာတုပစ္စည်းကို သယ်ယူပို့ဆောင်ခြင်း၊

(ခ) ထိန်းချုပ် ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ(၁၀) ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။

၂၅။ (က) မြန်မာနိုင်ငံအတွင်း ပြည်နယ်၊ တိုင်းတစ်ခုမှ တစ်ခုသို့ ထိန်းချုပ်ဓာတုပစ္စည်းကို သယ်ယူ ပို့ဆောင်လိုသူသည် ခွင့်ပြုချက် ရရှိရန် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၁)ဖြင့် လျှောက်ထားရမည်။

(ခ) ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ(က)အရလျှောက်ထားချက်ကိုစိစစ်ပြီး ခွင့်ပြုပါကစည်းကမ်းချက်များသတ်မှတ်၍ ပုံစံ(၁၂)ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။

၂၆။ ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခွင့် ရရှိသူသည်-

(က) ထိန်းချုပ်ဓာတုပစ္စည်းကို သယ်ယူပို့ဆောင်သည့်အခါ-

(၁) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ခ)၊သို့မဟုတ် နည်းဥပဒေ ၂၅၊ နည်းဥပဒေခွဲ(ခ)အရ ထုတ်ပေးသောခွင့်ပြုချက် တစ်ပါတည်း ပါရှိရမည်။

(၂) ပြည်ပမှ တင်သွင်းပါက သွင်းကုန်လိုင်စင်၊ ပါမစ်နှင့် သွင်းကုန်ကြေညာလွှာ၊ သို့မဟုတ် ပြည်တွင်းတွင် ထုတ်လုပ်ခြင်းဖြစ်ပါက ထုတ်လုပ်သည့်စက်ရုံ၏ ထောက်ခံချက်နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်တို့ တစ်ပါတည်း ပါရှိရမည်။

(၃) ထိန်းချုပ်ဓာတုပစ္စည်းကို ခွင့်ပြုချက်ပါစည်းကမ်းချက်များ နှင့်အညီ ခွင့်ပြုထားသောနေရာဒေသသို့သာ သယ်ယူပို့ဆောင်ရမည်။

(၄) ခွင့်ပြုချက်ပါနေရာဒေသတစ်ခုခုမှ အခြားနေရာဒေသတစ်ခုခုသို့ ပြောင်းလဲပြီး သယ်ယူပို့ဆောင်ရန် ရှိပါက ခွင့်ပြုချက်ထုတ်ပေးသည့်သက်ဆိုင်ရာ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ၊ သို့မဟုတ် ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ခွင့်ပြုချက်ကို ပြန်လည်ယူရမည်။

(၅) လမ်းခရီးတွင် အကြောင်းတစ်ခုခုကြောင့် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ လိုအပ်သည်ထက်ပို၍ လျော့နည်းခြင်း ဖြစ်ပါက ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊မြို့နယ်မူးယစ် ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များသို့ ချက်ချင်းသတင်းပို့ရမည်။

(၆) တရားမဝင်သော လမ်းကြောင်းသို့ ပြောင်းလဲ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုခြင်း မရှိစေရန် အထူးဂရုပြုရမည်။

(၇) ခွင့်ပြုချက်ပါ စည်းကမ်းများကို လိုက်နာရမည်။

(ခ) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ခ)၊သို့မဟုတ် နည်းဥပဒေ ၂၅၊ နည်းဥပဒေခွဲ(ခ)အရ ထုတ်ပေးသောခွင့်ပြုချက်နှင့် အထောက်အထား စာရွက်စာတမ်းများကို အနည်းဆုံး နှစ်နှစ်အထိ ထိန်းသိမ်းထားရှိရမည်။

အခန်း(၆)
သိုလှောင်ထားရှိပြီး လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်း

၂၇။ ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်ကားဖြန့်ဖြူး ရောင်းချလိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၃)ဖြင့်လျှောက်ထားရမည်။

၂၈။ ပြည်နယ်၊တိုင်းမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၇ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ ပုံစံ(၁၄) ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။

၂၉။ (က) ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်ကားဖြန့်ဖြူးရောင်းချရန် ခွင့်ပြုချက်ရရှိသူသည် ခွင့်ပြုချက်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ သိုလှောင်ထားရှိပြီး လက်ကားဖြန့်ဖြူးရောင်းချလိုပါက ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း၆၀ ကြိုတင်၍ သက်ဆိုင်ရာ၊ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၅)ဖြင့် လျှောက်ထားရမည်။

(ခ) ပြည်နယ်၊ တိုင်းမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးရမည်။

၃၀။ ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်လီဖြန့်ဖြူး ရောင်းချလိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ရယူပြီး ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၆)ဖြင့် လျှောက်ထားရမည်။

၃၁။ သက်ဆိုင်ရာ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေ ၃၀အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ပုံစံ (၁၇)ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။

၃၂။ (က) ထိန်းချုပ်ဓာတုပစ္စည်းကို သိုလှောင်ထားရှိပြီး လက်လီဖြန့်ဖြူးရောင်းချရန် ခွင့်ပြုချက်ရရှိသူသည် ခွင့်ပြုချက် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ ဖြန့်ဖြူးရောင်းချလိုပါက ခွင့်ပြုချက်သက်တမ်း တိုးမြှင့်ပေးရန်၊ ခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ရယူပြီး ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့သို့ ပုံစံ(၁၈)ဖြင့် လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက ခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးရမည်။

၃၃။ နည်းဥပဒေ ၂၈ နှင့် ၃၁တို့အရ ထုတ်ပေးသော ခွင့်ပြုချက် သက်တမ်းသည် ခွင့်ပြုချက် ထုတ်ပေးသည့် နေ့ရက်မှစ၍ တစ်နှစ်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့ရှိစစ်ရေးပြကွင်းတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်စိုးက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။ (က-ပ)

ရှုံးပွဲမရှိသည့်ချက်ကို ဂရိက ငွေဂိုးဖြင့်အနိုင်ယူ အိမ်ရှင်ပေါ်တူဂီနှင့် ဗိုလ်လုပွဲ၌ တစ်ကျော့ပြန်ဆုံပြီ

သတင်းဆောင်းပါး - ကိုထွေး

ရန်ကုန် ဇူလိုင် ၂

၂၀၀၄ခုနှစ်ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro 2004) ဒုတိယ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ်တွင် ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့ ပေါ်တိုကလပ်ပိုင် Estadio da Dragao ကွင်း၌ ချက်အသင်းနှင့်ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂရိအသင်းက အချိန်ပို၌ ငွေဂိုးဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဂရိအသင်းသည် ယူရို ၂၀၀၄ပြိုင်ပွဲ၌ ပထမဆုံး ငွေဂိုးဖြင့် အနိုင်ရရှိသောအသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။

ပထမဆုံးအနိုင်

အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ်အထိရှုံးပွဲမရှိဘဲ ခြေစွမ်းပြနိုင်ခဲ့သည့် နာမည်ကြီးချက်အသင်းကို ဥရောပဖလားဘောလုံးပြိုင်ပွဲသမိုင်း၌ ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲတက်ရောက်လာသော ဂရိအသင်းကအနိုင်ရရှိလိုက်ခြင်းသည် ဘောလုံးအကဲခတ်များအတွက် အံ့အားသင့်စရာဖြစ်စေခဲ့သည်။ ချက်နှင့်ဂရိတို့သည်ယခုပွဲအပါအဝင် ခုနစ်ကြိမ် ဆုံတွေ့ခဲ့ရာ ဂရိအသင်းက ချက်ကို ပထမဆုံးအကြိမ် အနိုင်ရရှိလိုက်ခြင်းလည်းဖြစ်သည်။ ဂရိနည်းပြဆရာ ဂျာမန်လူမျိုး အော်တိုရီဟာဂျယ်သည် ဂရိအသင်းကို ဥရောပပြိုင်ပွဲကြီးတစ်ခု၌ ဗိုလ်လုပွဲအဆင့်သို့ပို့ဆောင်ပေးနိုင်သော ပထမဆုံးနိုင်ငံခြားသားနည်းပြဖြစ်သွားသည်။

ချက်အသင်း

ချက်အသင်းသည်ကွာတားဖိုင်နယ်၌ ဒိန်းမတ်အသင်းကို အနိုင်ရရှိခဲ့သောလူစာရင်းအတိုင်း ၄-၁-၃-၂ပုံစံ လူနေရာချထားမှုဖြင့် ပွဲထုတ် ကစားခဲ့သည်။ ရှေ့တန်း၌ ပွဲတိုင်း ဂိုးသွင်းခဲ့သော မီလန်ဘားရို့စ်နှင့် ယူရို ၂၀၀၄၏ အရပ်အမြင့်ဆုံးအားကစားသမားဖြစ်သည့် ဂျန်ခိုလာတို့ကိုတွဲ၍ ပွဲထုတ်ပြီး အလယ်တန်း၌ ပိုဘော့စကီး၊ ဂလာဆက်၊ နက်ဗက်နှင့် ရိုဆစ်စကီးတို့ ပါဝင်ကြသည်။ နောက်တန်း၌ ဂရိုင်ဂျီရာ၊ အူဖာလူစီ၊ ကော့လ်ဖ်နှင့် အဝါကတ်ထိထားသော ဂျန်ကူလော့စကီးတို့ကစားကာ ဂိုးသမားက ပီတာဆက်ချ်ပင်ဖြစ်သည်။

ဂရိအသင်း

ဂရိအသင်းသည် ယခင်ပွဲများ၌ ကစားခဲ့သည့် ပုံစံကို အနည်းငယ်ပြောင်းလဲကာ ၄-၃-၃ပုံစံဖြင့် လူနေရာချထားပြီး ကစားခဲ့သည်။ ရှေ့တန်းတိုက်စစ်မှူးအဖြစ် ဟာရစ္စတီးနှင့် ကာရာဂူးနစ်တို့ကို တင်ထားပြီး အလယ်တန်း၌ ဘက်ဆီနက်စ်၊ ကတ်ဆိုရာနစ်၊ ဇာဂိုရာကစ်နှင့် ဗာရီဇတ်စ်တို့ပါဝင်ကြသည်။ နောက်တန်း၌ ဆီထရိုက်ဒစ်၊ ကက်ဆစ်၊ ဒဲလက်စ်နှင့် ဖီဆက်စ်တို့ကစားကာ ဂိုးသမားက နီကိုပိုလိုင်ဒစ်ပင်ဖြစ်သည်။ ဂိုးသမား နီကိုပိုလိုင်ဒစ်တည်ငြိမ်မှုရှိပြီး သေချာပေါက်ဂိုးများ ကာကွယ်နိုင်ခဲ့သည်။

ချက်ကံခေ

ချက်အသင်းသည် ပွဲစသည်နှင့် ယခင်ပွဲများအတိုင်း တိုက်စစ်ဖွင့်ကစားရာ ဂရိအသင်းကွင်းတစ်ဝက်ကို စီးထားနိုင်ခဲ့သည်။ ပွဲစပြီး သုံးမိနစ်အကြာတွင် အလယ်တန်းလူ ရိုဆစ်စကီး ပယ်နယ်တီဧရိယာအပြင်ဘက်မှ ကန်သွင်းရာ ဂိုးဘားတန်းထိပြီး ထွက်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။ ချက်အသင်းဆက်တိုက်ဆိုသလို ဖိကစားရာ နောက်တန်းလူ ဂျန်ကူလော့စကီးကန်သွင်းသော ဘောလုံးကို ဂရိဂိုးသမားပုတ်ထုတ်နိုင်ခဲ့သည်။ ချက်အသင်းဂိုးစောစောစီးစီးရနိုင်ချေရှိသော်လည်း ဂိုးကံခေသဖြင့် ဦးဆောင်မှုမရခဲ့ချေ။ ချက်အသင်းက ဖိကစားပြီးဂိုးမသွင်းနိုင်ဖြစ်ခဲ့ရာမှ ဂရိအသင်းက ကစားကွက်ပြန်တည်နိုင်ခဲ့ပြီး အပြန်အလှန်ကစားလာခဲ့သည်။

နက်ဗက်ထွက်သွားရ

ချက်အသင်း၏ အထူးအားထားရသော အသင်းခေါင်းဆောင်နက်ဗက်သည် ဂရိဂိုးဧရိယာအတွင်း နောက်တန်းလူနှင့် ထိခိုက်မိပြီး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာကို ဆေးကုသမှုခံယူပြီး ဆက်ကစားသော်လည်း ဒဏ်ရာပြင်းထန်သဖြင့် စမိုက်ဆာ နှင့် လူစားလဲလိုက်ရသည်။ ချက်အသင်းသည် နက်ဗက်ကို လူစားလဲလိုက်ရခြင်းကြောင့် ကွင်းလယ်ကစားကွက် မကောင်းတော့ဘဲ တိုက်စစ်အား သိသိသာသာကျဆင်းသွားသည်။

ဂရိကစားကွက်မိ

ဒုတိယပိုင်းတွင် ဂရိအသင်းက ဘောလုံးပိုင်ဆိုင်မှုကို အဓိကထားပြီး သေချာမှ ချက်ဂိုးရှေ့သို့ တင်ပေးပြီး တစ်ဦးချင်းထိုးဖောက်ကစားသွားသည်။ ဂရိအသင်း ကွင်းလယ်ကစားကွက်ကောင်းမွန်ပြီး ပွဲအရှိန်ကိုချကာ ကစားနေသဖြင့် ချက်အသင်း စိတ်ကြိုက်ကစားခွင့်မရဘဲဖြစ်နေသည်။ ချက်အသင်းမှ ဂျန်ခိုလာနှင့် မီလန်ဘားရို့စ်တို့ သေချာပေါက်ဂိုးသွင်းခွင့်များ ရရှိသော်လည်း ဂိုးတိုင်ဘေးမှ ထွက်သွား၍ နစ်နာခဲ့ရသည်။ ဂရိအသင်းက ပွဲချိန် ၆၇ မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် ကာရာဂူးနစ် ကန်ပို့ပေးသည့် ဘောလုံးကို ဗာရီဇတ်စ်ခေါင်းတိုက်သွင်းသော်လည်း ဂိုးမဝင်ခဲ့ချေ။

ငွေဂိုးသွင်း

ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ ဂိုးမရှိ သရေပွဲဖြစ်နေ၍ အချိန်ပိုဆက်ကစားရာ ဂရိအသင်းက တိုက်စစ်အားမြှင့်တင်ပြီး ကစား၍ ချက်တို့အငိုက်မိနေခဲ့သည်။ဂရိအသင်းက အလယ်တန်းမှ ဘက်ဆီနက်စ်အစား ဂျီယန်နာကိုပေါလတ် ကို လူစားလဲလိုက်ရာ ကစားကွက်ပိုမြန်လာသည်။ ချက်အသင်း ခံစစ်အနေအထားဖြစ်သွားရာ ဂရိမှ ဂျီယန်နာကိုပေါလတ်နှင့် ဒဲလက်စ်တို့ ကန်သွင်းသော ဘောလုံးများ ဂိုးဝင်လုနီးနီး ဖြစ်ခဲ့သော်လည်း ချက်ဂိုးသမား ပီတာဆက်ချ် ကာကွယ်နိုင်ခဲ့သည်။

ချက်အသင်းမှ တိုက်စစ်မှူး မီလန်ဘားရို့စ် အပိုင်ကန်သွင်းခွင့်ရသော်လည်း ဂရိဂိုးသမား အစွမ်းပြကာကွယ်နိုင်ခဲ့သည်။ ဂရိအသင်းအား ဗိုလ်လုပွဲသို့ ပို့ဆောင်ပေးမည့် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၀၄ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် နောက်တန်းလူ ဒဲလက်စ်က ခေါင်းတိုက် သွင်းယူခဲ့သည်။ဂရိအသင်းသည် ကွာတားဖိုင်နယ်တွင် ပြင်သစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ အနိုင်ဂိုးကို ခေါင်းတိုက်သွင်းယူခြင်းဖြစ်သည်။

ဂရိအောင်ပွဲခံ

ဂရိအသင်းသည် ယခုကဲ့သို့ ချက်အသင်းကို အနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်နိုင်ခြင်းသည် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲတစ်ခု၌ ပထမဆုံးအကြိမ် နိုင်ငံအတွက် အောင်မြင်မှု ရရှိစေခဲ့ခြင်းပင်ဖြစ်သည်။

ဂရိအသင်းသည် လက်ရှိချန်ပီယံ ပြင်သစ်နှင့် ရှုံးပွဲမရှိသည့် ချက်အသင်းကို အနိုင်ကစားကာ အကြီးမားဆုံး အောင်ပွဲကိုခံနိုင်ခဲ့သည်။

ဂရိအသင်းသည် နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ဇူလိုင်၅ရက် မြန်မာစံတော် ချိန်နံနက်၁နာရီ၁၅မိနစ်တွင် အိမ်ရှင်ပေါ်တူဂီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဂရိအသင်းနှင့် အိမ်ရှင်ပေါ်တူဂီအသင်းတို့သည် အဖွင့်ပွဲစဉ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂရိအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ။ **(မြန်မာ့အလင်း)**

ချက်နှင့်ဂရိတို့၏ ဒုတိယအကြိုဗိုလ်လုပွဲစဉ်တွင် ဂရိအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုး(ငွေဂိုး)ကို နောက်တန်းလူ ဒဲလက်စ်(နံပါတ်-၅)**က ထောင့်ကန်ဘောမှတစ်ဆင့် ဤသို့အနေအထားဖြင့် ခေါင်းတိုက်သွင်းယူခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့

* မိမိတို့သည် ....
ကိုယ်စီဘဝ သာမန်မျှတည့်
လောကနွယ်ဖွား မိန်းမသားမို့
ခံစားပြုမူ အတူတူပင်
တူရူရှေးရှု မိသားစုသာ
ပြုစုနိုင်ရေး အစဉ်တွေးခဲ့ .... ။

* မိမိတို့လျှင် ....
ငယ်နုစဉ်က အချိုးကျသည့်
သွယ်လျခန္ဓာ ပိုင်ဆိုင်လာခဲ့
ဇရာသဘော ပြောင်းရွှေ့လျော၍
ရှုမောဖွယ်သွင် ပြန်မမြင်လည်း
နေ့စဉ်ထက်မြက် ထိုအသက်ကြောင့်
ရင့်ကျက်နှလုံး ပီတိဖုံး၍
အားလုံးအရေး ကိုယ့်အရေးဟု
မျှော်တွေးမှန်းဆ ပို၍လှသည့်
ဘဝကိုယ်စီ ရခဲ့ပြီ။

* မိမိတို့၏ ထိုအသိဖြင့်
မျက်စိကိုဖွင့် နားကိုစွင့်ခိုက်
လက်ဆင့်ကမ်းလာ အခွင့်သာပြီ
မြန်မာအမျိုးသမီး အဖွဲ့ချုပ်ကြီးသို့
စည်းလုံးညီညွတ် ပြည်လုံးကျွတ်ပင်
ပါဝင်ပူးပေါင်း အားသစ်လောင်းအံ့
စုပေါင်းထွန်းကား ဒို့စွမ်းအားဖြင့်
ခမ်းနားကျစ်လျစ် ရွှေပြည်သစ်ကို
မျိုးချစ်မယ်တို့ တည်ဆောက်စို့။ ။

ဒေါ်အေးအေး

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/ အခွန်နှင့်လယ်ယာထွက်ကုန်ကွာတားတက်

ရန်ကုန် ဇူလိုင် ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ်ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင်အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ အုပ်စု(ဂ)မှလယ်ယာထွက်ကုန်အသင်းကသစ်တောရေးရာ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယခုနှစ်ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့တက်ရောက်လာသော လယ်ယာထွက်ကုန်အသင်းက အဆင့်မြင့်တန်းမှသမ္ဘာရင့်ဝါရင့်သစ်တောရေးရာအသင်းကိုခြေစွမ်းပြကစားပြီး အနိုင်ရရှိသွားခြင်းဖြစ်သည်။ သစ်တောရေးရာအသင်းသည် လက်ရှိ ချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကိုတစ်ဂိုး-ဂိုးမရှိ၊ ပို့ဆောင်ရေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်တက်ရန်အလားအလာကောင်းနေရာမှ လယ်ယာထွက်ကုန်အသင်းကိုနှစ်ဂိုးပြတ်ရှုံးကာအုပ်စုမှပင်ထွက်သွားရသည်။

နှစ်ဂိုးဆက်တိုက်သွင်း

လယ်ယာထွက်ကုန်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် အလယ်တန်းလူ အောင်မျိုးသန့်က သွင်းယူပေးသည်။ လယ်ယာထွက်ကုန်အသင်းသည် အဖွင့်ဂိုး ရရှိသွားသဖြင့် အားတက်လာပြီး ကစားကွက်ပိုကောင်းလာခဲ့သည်။ သစ်တောရေးရာအသင်းက ဂိုးပေးလိုက်ရသဖြင့် ပြန်လည် အားထည့်လာသော်လည်း ကစားကွက်ပျက်နေသည်။

လယ်ယာထွက်ကုန်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် တိုက်စစ်မှူး စထက်နိုင်ဝင်းက ကန်သွင်းယူ သည်။ သစ်တောရေးရာအသင်းက နှစ်ဂိုးဆက်တိုက်ပေးလိုက်ရသဖြင့် ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့သည်။ ပွဲအပြီးတွင် လယ်ယာထွက်ကုန်အသင်းက နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားရာ ကွာတား ဖိုင်နယ်သို့ အုပ်စု ဒုတိယဖြင့် တက်ရောက်သွားသည်။ လယ်ယာထွက် ကုန်အသင်းသည် အဆင့်မြင့်တန်းသို့ တက်ရောက်လာသည်မှာ ပူပူနွေးနွေးသာရှိသေးသော်လည်း နာမည်ကြီး ဘဏ္ဍာ/အခွန်ကို အနိုင်ယူခဲ့သည့် သစ်တောရေးရာကို နှစ်ဂိုးပြတ် အနိုင်ကစားပြကာ ခြေစွမ်းထက်မြက်ကြောင်း ပြသနိုင်ခဲ့သည်။

ဘဏ္ဍာ/အခွန်နိုင်

လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသော ဘဏ္ဍာ/အခွန်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့၏ ပွဲစဉ်တွင် ဘဏ္ဍာ/အခွန် အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ပထမဂိုးကို ထွန်းထွန်းဝင်း (ပယ်နယ်တီ)နှင့် ဒုတိယဂိုးကို ဇော်ထိုက်တို့က သွင်းယူပေးသည်။

အုပ်စု(ဂ)

အုပ်စု(ဂ) ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဘဏ္ဍာ/အခွန် အသင်းက နှစ်ပွဲနိုင်၊တစ်ပွဲရှုံး (၆) မှတ်ဖြင့် အုပ်စုပထမရရှိသွားသည်။ သစ်တောရေးရာအသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၆)မှတ်ချင်း တူညီသော်လည်း ၎င်းတို့နှစ်သင်းဆုံတွေ့မှု အနေအထားတွင် လယ်ယာထွက်ကုန်အသင်းက သစ်တောရေးရာအသင်းကို အနိုင်ရရှိခဲ့သဖြင့် (Head to Head) စနစ်အရ လယ်ယာထွက်ကုန်အသင်း အုပ်စုဒုတိယရရှိသွားသည်။ ပို့ဆောင်ရေးအသင်းက သုံးပွဲရှုံး အမှတ်မရဘဲ သစ်တောရေးရာအသင်းနှင့်အတူအုပ်စုအဆင့်မှပင် ထွက်သွားရသည်။

ယနေ့ပွဲ

ဇူလိုင် ၃ ရက်(ယနေ့) ညနေ၃ နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌အုပ်စု(ဃ)မှ စီးပွား/ကူးသန်းအသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အုပ်စု (ဂ) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ဘဏ္ဍာ/အခွန်	၃	၂	-	၁	၅	၁	၆
၂	လယ်ယာထွက်ကုန်	၃	၂	-	၁	၄	၄	၆
၃	သစ်တောရေးရာ	၃	၂	-	၁	၄	၄	၆
၄	ပို့ဆောင်ရေး	၃	-	-	၃	၃	၇	၀

မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့အစည်းအသီးသီးမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၃၀ရက်က ကျင်းပရာ ခရေပင်လမ်းမကြီးတစ်လျှောက် စိုက်ပျိုးရန် ခရေပင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီက စတင်စိုက်ပျိုး၍ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

စူပါသတင်းဂျာနယ် အမှတ်(၂၀)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂

ဘတ်ချောအွန်းနဲ့ လီဆောင်းဦးတို့၏ တကယ့်အချစ်ဇာတ်လမ်း၊ မေလဖွားဒွေးအိမ်က နတ်ကန္နား၊ ချောစုခင်နှင့် သူ့ဘဝ သူ့အတွေး သူ့အနုပညာ၊ ကျန်စစ်မင်းဇာတ်ညွှန်း စာအုပ်ထုတ်လေမလား၊ အပါအဝင် ပြည်တွင်း ပြည်ပ ရုပ်ရှင်ဂီတ အနုပညာနယ်ပယ်မှ စူပါ တို့၏ အတွင်းရေး၊အပြင်ရေးများနှင့်အတူ မော်ဒယ်လ်မိခင်ကြီး တင်မိုးလွင်၏ စတိုင်အလှ ရောင်စုံဓာတ်ပုံကြီးဖြင့် စူပါသတင်းဂျာနယ် အမှတ်(၂၀)ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(မြန်မာ့အလင်း)

သမထဝိပဿနာသင်တန်း

ရန်ကုန် ဇူလိုင် ၂

ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ခုနစ်ရက်စခန်း သမထဝိပဿနာသင်တန်းကို ဇူလိုင် ၈ရက်မှစ၍ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ဖွင့်လှစ်မည်။ သင်တန်းကိုအနာဂါမ်ဆရာသက်ကြီး နည်းအရ ဒလအံ့ကြီး လယ်တီမူ ဓမ္မရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီးဦးသန်းရွှေက ဦးဆောင်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမည်ပြောင်း

ဦးမောင်မောင်ကြည်-ဒေါ်အေးအေးသန့်တို့၏သား၊အထက(၁) မော်ဘီ အဋ္ဌမတန်း(အေ)မှ မောင်ကိုကိုဦးအား ကောင်းထက်သျှန်ဟုနှင့် စတုတ္ထတန်းမှ ဖိုးသောကြာ(ခ)ဟိန်းထက်သျှန်အား မောင်ဟိန်းဆက်ရှန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းထက်သျှန်၊ မောင်ဟိန်းဆက်ရှန်။

ဒေါ်ထိပ်ထားဦး ၁၂/သဃက(နိုင်)၀၁၃၁၄၇အား လွှဲအပ်ထားသည့်

အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်ထွန်း ၁၂/သဃက(နိုင်)၁၁၉၁၃၉၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမောင်ထွန်းက ဒေါ်ထိပ်ထားဦး ၁၂/သဃက(နိုင်)၀၁၃၁၄၇ အား ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၆၃/၂၀၀၃ အား ၂၂-၆-၂၀၀၄ ရက်မှစတင်၍ ပြန်လည်ရုပ်သိမ်းပြီးကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်ထွန်း၏လွှဲအပ်ချက်အရ-

ဦးအောင်ကျော်မင်း	**ဒေါ်စီစီရွှေရင်**
B.A.,D.A.,R.L	**B.Sc.,I.F.L(Eng).R.L,D.B.L,D.M.L,D.A.Psy**
တရားရုံးချုပ်ရှေ့နေ	**တရားရုံးချုပ်ရှေ့နေ**

အမှတ် ၅၀ ၊ (ပထမထပ်)၊ အခန်း C/4,D/4,ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၁၄၃၉၊ ၇၀၅၃၀၉။



သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၁၇၀၊ နိဗ္ဗာန်လမ်း၊ ရွှေဟသ်ာရပ်ကွက်၊ ကော့သောင်းမြို့နေ ဦးအောင်တိုး-ဒေါ်ဝင်းကြည်တို့၏သမီး မဝင်းဝင်းဌေး မလမ(နိုင်)၁၈၇၇၅၃ သည် မိဘဆွေမျိုးများအား ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး သွန်သင်ဆုံးမမှုများကို မနာခံသည့်အပြင် ၂၉-၅-၂၀၀၄ ရက်၌မိမိဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနေ့မှစ၍ မိမိနှင့်ပတ်သက်၍ ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအောင်တိုး ၃/ကကရ(နိုင်)၀၂၇၁၈၃
ဒေါ်ဝင်းကြည် ၃/ကကရ(နိုင်)၀၂၇၂၇၁

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ 'ပန်း' ဒါန

⁜ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီက ဦးဆောင်လျက် **"ထာဝရ ဒါန"** **"အရိပ်အလှူ ပန်းအလှူ"**ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

⁜ **"မနာပ ဒါယီ လဘတေ မနာပံ"**
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

⁜

အာရာမရောပ ဒါန	=	ပန်းပင် သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန	=	အရိပ်ကောင်းသော သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း... တို့သည်
ဥပဿယ ဒါန	=	ဇရပ် တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်း... နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း

ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

⁜ "သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း"

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင် ဘက်စုံထောင့်စုံအာရုံညွှတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက် "အရိပ်ရပင်များ""ပန်းအလှပင်များ"စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

⁜ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန (နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင်ကိုယ်ကြပ် ပန်းကပ်ဆက်လှူ
ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။

စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရှက်ဆောင်ကြပါစို့။

⁜ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သောအပင်များကို သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

လိုအပ်သောအရေအတွက် တစ်ပင်နှုန်း(၅ပေ အမြင့်)

အရိပ်ရပင် –	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
	ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
	အုန်းငှက်ပျော	၁၆	ကျပ် ၁၅၀၀၀
ပန်းအလှပင် –	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
(Ground	ရွက်လှ	၆၁၇၈	ကျပ် ၁၅၀
Cover)	ပိန်း	၁၃၉၄	ကျပ် ၂၀၀၀-၁၀၀၀၀
	ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
	ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
	ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
	ပုဏ္ဏရိုက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
	စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
	ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
	ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
	နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
	ပျိုမနိုင်	၄၂၀	ကျပ် ၂၀၀
	ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
	ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
	ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
	ကိုရံလေး	၁၅၈၆၀	ကျပ် ၁၅၀
	စလူ	၂၀၉၅	ကျပ် ၅၀၀
	ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
	ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
	ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
	ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန
လှူဒါန်းရန်ကာလ – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ
ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း-၂၅၁၈၅၁၊ ၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ။

ပန်းတောင်းမြို့နယ် ကြိုးတန်းစနစ်ဖြင့်စပါးတိုက်ရိုက်အစေ့ချ နည်းပညာသရုပ်ပြ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ အင်းမတပ်နယ်မှ ဗိုလ်မှူးကြီးခင်ဇော်ဦးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန်၂၅ရက် နံနက်ပိုင်းက ပြည်မြို့မှ ပြည်–ပန်းတောင်း ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ မိုးစပါးစိုက်ပျိုးရန်အတွက် ထွန်ယက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ပန်းတောင်းမြို့နယ် တောင်ဘွေကျေးရွာသို့ ရောက်ရှိကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် တောင်ဘွေကျေးရွာ တောင်သူပညာပေးစခန်း၌ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ဝန်ထမ်းများက တောင်သူဦးမောင်ညို၏ လယ်မြေခုနစ်ဧက၌ နေရာအလိုက် အပင်အာဟာရ ထည့်သွင်းနည်းပညာ သရုပ်ပြသမှု၊ ခေတ်သစ်ပျိုးထောင်စိုက်စနစ်နည်းပညာ သရုပ်ပြသမှု၊ တောင်သူကိုယ်တိုင် တစ်နိုင်တစ်ပိုင် စပါးမျိုးသန့်မွေးမြူစိုက်ပျိုးခြင်းနည်းပညာသရုပ်ပြသမှုနှင့် ခေတ်သစ်ကြိုးတန်းကာ စပါးတိုက်ရိုက်အစေ့ချ နည်းပညာသရုပ်ပြသနေမှုတို့နှင့် စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးရန် ထွန်ယက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးစန်းမောင်က လိုက်လံရှင်းလင်းပြသသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် တောင်ဘွေကျေးရွာမှ ဒေသခံတောင်သူများအား တွေ့ဆုံကာ စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူပညာပေးစခန်းတွင် သရုပ်ပြ ပြသလျက်ရှိသည့် ဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းမှုနည်းပညာ၊ ခေတ်သစ်ပျိုးထောင်စိုက်ပျိုးမှုစနစ် နည်းပညာ၊ ခေါင်နှံရွေးချယ်၍ စပါးမျိုးသန့်များ စိုက်ပျိုးမွေးမြူနည်း နည်းပညာ၊ ခေတ်သစ်ကြိုးတန်းစနစ်ဖြင့် တိုက်ရိုက်အစေ့ချနည်းပညာများကို လေ့လာမှတ်သားသင်ယူကြပြီး မိမိတို့၏ လယ်မြေများအား အဆိုပါနည်းပညာများဖြင့် စိုက်ပျိုးသွားကြရန်နှင့် တောင်သူများ၏ လက်ရှိအထွက်နှုန်းအခြေအနေများကို မေးမြန်းကာ ရင်းရင်းနှီးနှီးတွေ့ဆုံမှာကြားသည်။

ယင်းနောက်ကြိုးတန်းကာ တိုက်ရိုက်အစေ့ချနည်းပညာသရုပ်ပြသ စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယနေ့ကျင်းပသည့် ကြိုးတန်းစနစ်ဖြင့် စပါးတိုက်ရိုက်အစေ့ချနည်းပညာ သရုပ်ပြပွဲတွင် ယခင်က စပါးပျိုးများကို ပျိုးထောင်စိုက်ပျိုးနေခြင်းအစား ကြိုးတန်းဆွဲကာ စပါးစေ့ကို တိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပန်းတောင်းမြို့နယ်ခြေခံတပ်ရင်းသို့ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊တိုင်းမှူးနှင့်အဖွဲ့သည် ပန်းတောင်း မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြသည်။



ညွှန်ကြားချက်များပေး

ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အားပေးစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် သွားဘက်ဆိုင်ရာဌာနကို ကြည့်ရှုပြီး အမျိုးသမီးလူနာဆောင်သို့ ရောက်ရှိကာ အမျိုးသမီးလူနာဆောင်၌ တက်ရောက်ကုသနေကြသော လူနာများအားတွေ့ဆုံအားပေး စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့သည် သားဖွားဆောင်၊ သားဖွားခန်းနှင့် ခွဲစိတ်ခန်း၌ ခွဲစိတ်ကိရိယာများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** မြို့နယ်ဆရာဝန် ဒေါက်တာမြမြအေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ဆေးစတိုဒ္ဓ ဆေးဝါးများသိုလှောင်ထားရှိမှုကို လည်းကောင်း၊ အမျိုးသားလူနာဆောင်ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ပန်းတောင်း–ဆင်တဲ–ပြည်ကားလမ်းအတိုင်း ကားလမ်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပန်းတောင်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြည်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ပြည်မြို့တွင် ညအိပ်ရပ်နားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇွန်၂၆ရက် နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းတို့ လိုက်ပါလျက် ပြည်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက်၉နာရီတွင် အင်းမတပ်နယ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တပ်နယ်ခန်းမ၌ အင်းမတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် အင်းမတပ်နယ်မှထွက်ခွာခဲ့ရာ မွန်းလွဲ၁နာရီခွဲတွင် ပေါင်းတည်မြို့ မှိုမြို့တော်ကောက်ရိုးမှိုမျိုးထုတ်လုပ်ရေးလုပ်ငန်းသို့ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးတင်ကြည်က ကောက်ရိုးမှို မျိုးထုတ်လုပ်မှုအဆင့်ဆင့်၊ မှိုမျိုးထုတ်လုပ်မှုအခြေအနေနှင့် အထွက်နှုန်း၊ ပြုစုပျိုးထောင်ရန် လိုအပ်ပုံအဆင့်ဆင့်၊ စိုက်ပျိုးပြီးနောက် ရက်အလိုက် ဆောင်ရွက်မှု အဆင့်ဆင့်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်၊ အလင်းရောင်၊ အာဟာရ စသည့်မှိုစိုက်ပျိုးရာတွင် လိုအပ်သော အခြေအနေများ၊ ပညာပေးဆောင်ရွက်မှုအခြေအနေ၊ မှိုစိုက်ပျိုးလိုသူ ဒေသခံများအား ဖြန့်ဖြူးရောင်းချပေးမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မှိုမျိုးထုတ်လုပ်ရန် ဆောင်ရွက်မှုအဆင့်ဆင့်နှင့် ကောက်ရိုးမှိုစိုက်ပျိုးမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် မိုနီမှိုမျိုးစုံလုပ်ငန်းသို့ ရောက်ရှိကြပြီး လင်ဇီမှိုအား တိုင်းရင်းဆေးအဖြစ်ထုတ်လုပ်ထားရှိမှုများနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြရာ လုပ်ငန်းရှင် ဦးဆလိုင်းကျင်ဒိုးထန်က လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် မိုနီကောက်ရိုးမှိုမျိုးထုပ်များ ထုတ်လုပ်ရန် ဆောင်ရွက်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်၏ ၂၀၀၃–၂၀၀၄ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၆ ရက်က ကျင်းပရာ ရန်ကုန်တိုင်း သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ဝန်ထမ်းပညာသင်စရိတ်များကို ဒါရိုက်တာအဖွဲ့ဝင် ဒေါ်မြသိန်းအား ပေးအပ်စဉ်။ (က–ပ)

မြန်မာ–တရုတ် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်မှု လုပ်ငန်းကော်မတီညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂

မြန်မာ–တရုတ်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်မှု လုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၈ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ–တရုတ် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအကောင်အထည်ဖော်မှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော လုပ်ငန်းကော်မတီဝင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလှူငွေနှင့်အဝတ်အထည်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၂

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် ကယ်ဆယ်ရေး လုပ်ငန်းအတွက် သံတမန် ကလေးများကျောင်း ရန်ကုန်မြို့ (Diplomatic School) က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ အလှူငွေပေးအပ်ပွဲကို ဇွန်၂၈ရက်မွန်းလွဲ ၁၂ နာရီခွဲက မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် သံတမန် ကလေးများကျောင်းကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမြင့်က အလှူငွေကျပ် ၃၅၃၀၀၀ နှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ခေတ္တ–ဥက္ကဋ္ဌ ဒေါက်တာထွန်းစိန်က လက်ခံပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၃–၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ထူးချွန်သူများကိုဂုဏ်ပြုခြင်း အခမ်းအနားကို ဇွန် ၂၆ရက်က အသင်းရုံးခန်းမ၌ကျင်းပရာ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်စိန်စိန်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အလှူငွေပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဒေါ်ယုယုလွင်က လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

စပေါင်းစိုက်ပျိုး

ဇွန် ၁၈ ရက်က စမ်းချောင်းမြို့နယ် ကြည့်မြင်တိုင် ဘူတာရုံ သန့်ရှင်းသာယာ လှပစိုပြည်ရေးအတွက် ကြည့်မြင်တိုင်ဘူတာရုံပိုင်ကြီး ဦးစိုးဝင်းနှင့် ဝန်ထမ်းများ မြောက်ဘက် အချက်ပြရုံ အနီးတွင် သန့်ရှင်းရေးနှင့် သစ်ပင်၊ ပန်းပင်များ စပေါင်း စိုက်ပျိုးနေစဉ်။ (မြန်မာ့မီးရထား)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကော့သောင်း ဇွန် ၂၁

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့သောင်း ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဇွန် ၁၉ရက်က ရွှေပြည်စိုးရပ်ကွက် တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပကြသည်။(ဝဲပုံ)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ ဗိုလ်မှူးကြီးမြင့်ထွန်း၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုး၊ မြို့နယ် ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်းနှင့်အဖွဲ့ ဝင်များ၊ ခရိုင် အမျိုးသမီးရေးရာ နာယက ဒေါ်သွယ်သွယ်မြင့်နှင့် ဥက္ကဋ္ဌ ဒေါ်မေခိုင်ဦး၊ မြို့နယ်နာယက ဒေါ်စပယ်ဖြူ၊ ဥက္ကဋ္ဌ ဒေါ်နန်းသန်း သန်းဌေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ ဝင်များက သစ်တောဦးစီးဌာန၏ ကျွန်းပင် ၆၀၀၊ ပျဉ်းကတိုးပင် ၆၀၀နှင့် မဟော်ဂနီပင် ၆၀၀ တို့ကို စည်ကား သိုက်မြိုက်စွာ စိုက်ပျိုးကြကြောင်း သိရသည်။ **(၃၈၉)**

ဇွန် ၂၅ရက်က ပေါင်းတည်မြို့နယ် ဈေး(၂)ရပ်ကွက် သာသနာ့ ဇောတိကာရုံကျောင်း ရွှေကျောင်းကြီးတိုက်တွင် သာသနာဝင် စိစစ်ရေး ကတ်ပြား ဆက်ကပ်ပွဲအခမ်းအနားကျင်းပရာ ပေါင်းတည်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန သာသနာရေး ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးမှူး ဦးမြင့်စိုးက သာသနာဝင်စိစစ်ရေးကတ်ပြားများကို မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးဝိမလထံ ဆက်ကပ်စဉ်။ (၀၄၆)

မကွေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ အာဟာရနှင့် ငွေပဒေသာပင်လှူဒါန်း

မကွေး ဇွန် ၂၂

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေ ပေးအပ်ခြင်းနှင့်အာဟာရကျွေးမွေးခြင်းကို ဇွန် ၁၇ရက် မွန်းလွဲပိုင်းက မကွေး မြို့ ပြည်တော်သာလမ်း ကလေးပြုစုရေးဌာန၌ကျင်းပရာ မကွေးတိုင်း အမျိုး သမီးရေးရာအဖွဲ့နာယက ဒေါ်ခင်မိမိနှင့်အဖွဲ့ဝင်များ၊ မကွေးခရိုင် အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ တိုင်းလူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက် ကြသည်။

ရှေးဦးစွာ မကွေးခရိုင် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှမြင့်က မကွေး မြို့ ကလေးပြုစုရေးဌာနသို့ ငွေပဒေသာ ပင်စိုက်ထူရန် ငွေကျပ်သုံးသောင်း ပေးအပ်လှူဒါန်းရာ တိုင်းလူမှုဝန်ထမ်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထွန်း က လက်ခံယူသည်။**(ယာပုံ)**

ထို့နောက် မိဘမဲ့ကလေး ၁၆ဦး တို့အား ကျန်းမာရေးစစ်ဆေးပြီး အာဟာရများ ကျွေးမွေးကြသည်။ **(၃၈၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဒိုက်ဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနရုံးရှေ့တွင် ဇွန်၃ရက်က လယ်ယာ (၁၆)လက်တွန်း ထွန်စက်ကြော်ငြာ ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ကျင်းပရာ ပဲခူးတိုင်း စက်မှုလယ်ယာ တိုင်းဦးစီးမှူး ဦးစိုးစိုး၊ ခရိုင် ဦးစီးမှူး ဦးသန်းစိန်၊ မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းသူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်က စက်ခလုတ်နှိပ်၍ ကြော်ငြာဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ဇွန် ၂၂ရက်က ရေနံချောင်းမြို့ လမ်းမကြီးဘေး ဝဲယာ၌ ပန်းအလှပင် ၅၀၀ စုပေါင်း ပန်းအလှပင်စိုက်ပျိုးမှုကို အမှုဆောင် အရာရှိ ဦးသန်းဦးနှင့် ဒုတိယ ဦးစီးမှူး ဦးအောင်ရွှေတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဇွန် ၂၆ရက်က အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက် ရေးနေ့ အခမ်းအနားကို တိုက်ကြီး မြို့နယ် အထက(၁)ကျောင်းခန်းမတွင် ပြုလုပ်ရာ ဒုတိယရဲမှူး မောင်မောင် သက်က မြန်မာနိုင်ငံမူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာ ကွယ်ရေးအကြောင်း ဟောပြောစဉ်။

(က-ပ)

အခြေခံပညာ မူလတန်းကျောင်းသစ်ဖွင့်

ပျဉ်းမနား ဇွန် ၁၅

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် အလယ်ချောင်းကျေးရွာအုပ်စု တောင်ပေါ်ဒေသ ဘောဂထပြင်ဌာန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ကျောင်းသီချင်း နှင့် နိုင်ငံတော်သီချင်းများ သီဆိုကြပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရဲထွဋ်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်လွင်တို့က ကျောင်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ကျေးရွာအုပ်စု ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူးက နိုင်ငံတော်သည် နယ်စပ်နှင့်တောင်ပေါ် မြေပြန့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ပညာရေးကဏ္ဍများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် အခြေခံပညာ မူလတန်းကျောင်းသစ် တိုးချဲ့ဖွင့်လှစ်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

(၀၉၉)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ညောင်ဦး ဇွန် ၂၆

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပွဲကို ဇွန်၂၄ရက်က ပုဂံညောင်ဦးလေဆိပ်နှင့် ပုဂံသို့ အသွား လမ်းဘေးဝဲယာတို့တွင် ကျင်းပရာ ခရိုင်၊ မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာန ဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် ပြည်ထောင် စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင် နှင့်ကလေးစောင့်ရှောက်ရေး အသင်း အမှုဆောင်များ စုစုပေါင်းအင်အား ၁၃၉၀တို့ဖြင့် အရိပ်ရ အပင်ပေါင်း ၁၀၀၀ စိုက်ပျိုးကြကြောင်း သိရသည်။

(အပေါ်ပုံ)(၃၀၀)

သီးနှံမျိုးစုံနှင့်ချည်မျှင်ရှည်ဝါစီမံကိန်း သီးနှံတာဝန်ပေးအပ်

ပျော်ဘွယ် ဇွန် ၁၂

ပျော်ဘွယ်မြို့ ၂၀၀၄-၂၀၀၅ သီးနှံမျိုးစုံနှင့် ချည်မျှင်ရှည်ဝါစီမံကိန်း သီးနှံတာဝန်ပေးအပ်ပွဲကို ဇွန် ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က စီမံကိန်းသီးနှံတာဝန်များကိုတောင်သူတစ်ဦးချင်းအား တာဝန်ပေး အပ်ရေး၊ နိုင်ငံတော်မှသတ်မှတ်ပေးထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စီမံကိန်းသီးနှံတာဝန်ကို ဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးတို့ကို ဆွေးနွေးပြောကြားပြီး ကျေးရွာအုပ်စု တစ်ခုချင်းကို တာဝန်ရှိသူများက စီမံကိန်းတာဝန်များ ပေးအပ်သည်။

ပျော်ဘွယ်မြို့နယ်အနေဖြင့် စပါး စုစုပေါင်းစိုက်ဧက ၃၇၇၄၁၊ ဆီထွက်သီးနှံဧက ၈၃၇၀၀၊ ဝါမျိုးစုံဧက ၃၅၇၀၀ နှင့် ပဲမျိုးစုံဧက ၂၄၁၉၀ စိုက်ပျိုးသွားမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုင်းတုံမြို့မဈေးကြီး သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး အတွက် ဇွန်၁၅ရက်တွင် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း များနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် ဦးစီးအရာရှိ ဦးအောင်ဌေးကြွယ်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ လှိုင်မြို့နယ် အသောကလမ်း အမှတ် (၁၁၁)နေ
ဦးခင်ဝင်း (Aung Myay Int'l Co.,Ltd.)-ဒေါ်ခင်မေသန်း
(ရွှေငါးပလတ်စတစ်လုပ်ငန်း)
တို့၏သား
မောင်အာကာဝင်း B.Sc (Chem:)
နှင့်
မိုးကုတ်မြို့ ကံတော်ရပ် အမှတ် (၅၅)နေ
ဦးချစ်ကြည်-ဒေါ်မြအေး
တို့၏သမီးထွေး
မပိုင်ပိုင်ချစ်ကြည် B.Sc (Chem:)

တို့သည် ၁၆-၆-၂၀၀၄ ရက်တွင် လက်မှတ်ရေးထိုးပြီး ၂၀-၆-၂၀၀၄ ရက်၌ ကျင်းပသော ယုဇနဂါးဒင်းဟိုတယ်သို့ ကြွရောက်အားပေးကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါသည်။

မောင်အာကာဝင်း-မပိုင်ပိုင်ချစ်ကြည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ရက်

တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရ နည်းပညာကောလိပ် (၃)ထပ်အဆောက်အအုံသစ်များကို ထားဝယ်၊ မြိတ်၊ လားရှိုး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မကွေး၊ ဟင်္သာတ၊ မော်လမြိုင်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို(B.Q)နှင့် တကွပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရ နည်းပညာကောလိပ်များမှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါ လိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ် ၁၂၃၊ နတ်မောက်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၂၈၇၃၊၅၄၃၃၃၆

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါ လိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ စာအုပ်စင်တိုင်းမှာ သိမ်းဆည်းထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်

မလေးငြိမ်း၏

လွန်မြောက်ခြင်းမှ လွတ်မြောက်ခြင်းသို့ ဒဿနအမြင် ဒုတိယအကြိမ်

အမြို့မြို့ဆိုင်တိုင်းသို့ ကောင်းထွင့်စာပေ ဖုန်း-၅၅၉၀၉၈ မှ ဖြန့်ချိထားပါပြီ။



ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့မိတ်ဆွေတစ်ဦး၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ဒေါ်သန်းဝင်း ၁၂/ကတတ(နိုင်) ၀၂၀၅၅၈ ပိုင်ဆိုင်သော တိုက်အမှတ် ၂၀၉/၂၁၁ ၏ အမှတ်-၆အလွှာ (ခေါင်းရင်းအခန်း) အမှတ် (၁)ရပ်ကွက် ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ရှိ တိုက်ခန်းကို ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးသိန်းညွှန့်	**ဒေါ်လှလှထွေး**
B.A,H.G.P,R.L,D.B.L,D.M.L	**LL.B. စဉ်-၂၃၃၀၁**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**

ရုံး- **MFTBဘဏ်ရှေ့ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၃၇၀၀၈၀**
အိမ်-**အမှတ် (၃) မအူပင်လမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့။ ဖုန်း- ၅၀၀၂၅၁**

အမည်ပြောင်း

ကြည့်မြင်တိုင် အထက(၂) အဋ္ဌမတန်း (B)မှ အဖ ဦးခင်မောင်ဇော်၏သား မောင်ဖွဲ ထက်နောင်အား အိမ်ထောင်စု စာရင်းပါ အမည်အရ မောင်မင်းဟိန်းသော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းဟိန်းသော်။**

အမည်ပြောင်း

အထက (၃) တာမွေ Grade 11 (E)မှ ဦးအောင်သူဝင်း၏သမီး မစိုးရည်နွယ်အား ယနေ့မှစ၍ မချမ်းမြေ့သူဟုပြောင်းလဲ ခေါ်ပါရန်။ **မချမ်းမြေ့သူ။**





ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ခ/၈၅၀၆ မော်တော်ယာဉ် လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူပျောက်ဆုံးလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊တာချီလိတ်(ရှေ့တန်းရုံး)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊တာချီလိတ်(ရှေ့တန်းရုံး)**

ရောင်းမည်

ကြို့ကုန်း ၇လမ်းမြောက်
ပေ ၅၀ x ပေ ၇၀
ကျောက်တော်ကြီးဘုရားအနီး
အိမ်ပါ၊ ရေမီးစုံ၊ ဂရန်မြေ။
ဆက်သွယ်ရန်-**၅၁၀၉၁၂၊၅၁၀၅၄၁**



တောင်ကြီးပညာရေးကောလိပ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်း

တောင်ကြီး ဇွန် ၂၆

တောင်ကြီးပညာရေးကောလိပ်၏ ဆဋ္ဌမအကြိမ်မြောက် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၂ရက် နံနက် ၉ နာရီက ပညာရေး ကောလိပ်ခန်းမ၌ ကျင်းပရာ ပညာရေး ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်မြမြကြည်က သင်တန်းဆင်းကျောင်းသူ ၂၂၂ဦးကို ဆရာအတတ်ပညာဒီပလိုမာလက်မှတ်နှင့် အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်၊ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ လက်ထောက်ကထိကများ၊နည်းပြများ၊ လုပ်ငန်းခွင်အကြိုဆရာအတတ်သင်တန်းသူများနှင့် မိဘများ တက်ရောက်ကြကြောင်း သိရသည်။

(က-ပ)

ကျန်းမာရေးအသိပညာပေးနယ်လှည့်ဟောပြော

ရွှေဘို ဇွန် ၂၃

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးနယ်လှည့်ဟောပြောပွဲကို ဇွန် ၂၀ရက်က မင်းကုန်းကျေးရွာအုပ်စု ရပ်ကွက်ဥက္ကဋ္ဌ၏နေအိမ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင်ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဆရာဝန် ဒေါက်တာ အောင်သန်းက မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီရောဂါကူးစက်မှုကာကွယ်ရေးကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးမှူး ဦးအောင်လင်းက ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများ အကြောင်းကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်သီသီဝင်းက ဝမ်းလျှောဝမ်းပျက် ဖြစ်ပွားတတ်ပုံကို ဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**

ဇွန် ၁၁ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေ၊ မော်လမြိုင်ကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ သန့်ရှင်း သာယာလှပရေး၊ စိမ်းလန်း စိုပြည်ရေးနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားမှုကို ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်း ပြသစဉ်။
(မြို့နယ်စည်ပင်)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းသုံးလမ်းနှင့် မြေသားလမ်းနှစ်လမ်းကို ခွင့်ပြုရန်ပုံငွေကျပ်၂၃၆သိန်းဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇွန် ၂၃ရက်က တွန်ပလွန်-သရက်ကုန်း-အနန်းကုန်းကျေးလက်လမ်း ကျောက်ချောခင်းမည့်လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇွန်၆ ရက်က ကျောက် ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးဌေးဝင်းနှင့် အငယ် တန်း အင် ဂျင် နီယာ (၂)ဒေါ်မန်းဒေတို့ ဦးစီး၍ ဝန်ထမ်းများ ပန်းသီတာ ဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၄)ရပ်ကွက်၊ ငွေစင်လမ်း၊ အမှတ် ၁၀၂၅ နေ
ဦးတင်ဦး(ဆိပ်ကမ်း သ/မ-ငြိမ်း)-ဒေါ်တင်တင်ဝင်း တို့၏ တစ်ဦးတည်းသောသား
မောင်ကျော်ကျော်လတ် **B.E (Mechanical)**
အောင်ရှိဖြိုးကုမ္ပဏီလီမိတက်
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊ အမှတ် ၂၀ နေ
ဦးအောင်မြင့် (စား/ဖျော်-ငြိမ်း)-ဒေါ်စုစုကြည် တို့၏ သမီးဦး
မမီမီအောင် **B.Sc (Physics)**
Miwon Shwe Thazin Co.,Ltd..
တို့သည် ၂၇-၆-၂၀၀၄ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ကျော်လတ်-မမီမီအောင်။

မကွေးမြို့ မြသလွန်စေတီတော်
ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

၁၃၆၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ရက်ထိ ၂၃-၁၀-၂၀၀၄မှ ၁၁-၁၁-၂၀၀၄ ထိ ၂၀ ရက်ကျင်းပပါမည်။ ယခုနှစ်ဆိုင်ခန်းလျှောက်လွှာများကို ယခင်နှစ်ဆိုင်ခန်းပြေစာများနှင့်ပူးတွဲလျက် ရောင်းကုန်အမည်ဖော်ပြ၍ **ဆိုင်ခန်းတစ်ခန်းလျှင် ကြိုတင်ငွေ ကျပ် ၃၀၀၀ (ကျပ်သုံးထောင်တိတိ) တင်သွင်းလျှောက်ထားရပါမည်။** ဆိုင်မထွက်ဖြစ်လျှင် ငွေပြန်အမ်းပါ။ ဈေးဆိုင်ဟောင်းများလျှောက်လွှာကို ၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ရက် (၃၀-၈-၂၀၀၄) ရက် နောက်ဆုံးထား၍လည်းကောင်း၊ ဈေးဆိုင် သစ်များလျှောက်လွှာကို ဝါခေါင်လပြည့်ကျော် ၆ ရက်မှ တော်သလင်းလဆန်း ၁၅ ရက် (၅-၉-၂၀၀၄ မှ ၂၈-၉-၂၀၀၄) ရက် နောက်ဆုံးထား၍လည်းကောင်း တင်သွင်းကြရပါမည်။
ဓာတ်၊အငြိမ့်၊ဘားဆပ်ကပ်၊ တေးသရုပ်ဖော်ကပွဲရုံ (၁)ရုံမြေနေရာကို **၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း၄ရက်၊(၂၀-၇-၂၀၀၄)ရက် မွန်းလွဲ ၁နာရီ** တွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးခန်း၌ ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။
မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
မကွေးမြို့။
ဖုန်း-၀၆၃-၂၃၀၄၄

Myanmar Apple
Digital Printing
မြန်မာပြည်တွင် အကြီးဆုံး၊ အကောင်းဆုံး၊ ကျွမ်းကျင်ဆုံး
Digital printing(NUR SALSA)စက်၊ Inkjet (MIMAKI) စက်နှင့် ...
No-5, Pyay Road,Mayangone Township
Tel : 657477, 662485, Yangon.

အမည်ပြောင်း

မြိတ်မြို့ ဦးလှဝင်း-ဒေါ်ကြူတို့၏သား အမှတ်(၁)အထက်တန်းကျောင်း နဝမတန်းမှမောင်မင်းကိုဦးအား ယနေ့မှစ၍ မောင်ဇေယျာဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇေယျာဦး။**

ကားအမြန်ငှားရမ်းလိုပါသည်

Super Saloon (စူပါစလွန်း)ကား (သို့) Sunny Pick Cup (ဆန်နီပစ်ကပ်) ကားများ ငှားလိုပါသည်။
ဆက်သွယ်ရန်
အမှတ်-၅၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၆၆၇၄၇၇၊ ၆၆၂၄၈၅

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။
နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်။
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

ဆိုင်ဖွင့်ပွဲ ၃ နှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်

ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ပေးသော ပါဝါ မျက်ကပ်မှန် အထူးလျှော့ဈေး
၃၆၁၊ ရွှေဘုံသာအထက်လမ်း။ 383884

သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ရိုးမဘဏ်လီမိတက်၊ ချေးငွေဌာန၊ လ/ထအထွေထွေမန်နေဂျာ ဒေါ်ခင်ဆွေဦး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းသတိပေးကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရိုးမဘဏ်လီမိတက် ရိုးမကတ်ဌာနတွင် ရိုးမကတ် (Yoma Credit Card) ကို လျှောက်ထားရယူခဲ့ပြီး အဆိုပါရိုးမကတ်ဖြင့် သုံးစွဲခဲ့သည့်ကြွေးမြီများအားလုံးကို ပြန်လည်ပေးဆပ်ရန် တာဝန်ရှိသော်လည်း ပေးဆပ်ရန်ပျက်ကွက်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရိုးမကတ်ဖြင့် မိမိတို့သုံးစွဲခဲ့သည့် ကြွေးမြီများအားလုံးကို (၂၇-၇-၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ ဘဏ်သို့လာရောက်ပေးဆပ်ပါရန် လူကြီးမင်းတို့အား သိစေအပ်ပါသည်။

အကယ်၍ သတ်မှတ်သည့် ၂၇-၇-၂၀၀၄ ရက်ကျော်လွန်ခဲ့ပါက လူကြီးမင်းတို့၏ မည်သည့်အကြောင်းပြချက်ကိုမျှ ဘဏ်ကလက်ခံစဉ်းစားလိမ့်မည်မဟုတ်ပါကြောင်းနှင့် လူကြီးမင်းတို့အပေါ် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	Car Trading
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	Merchant
၁၀	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	Merchant
၁၂	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	Car Trading
၁၅	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	Car Accessories Trading
၁၈	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]
၂၂	[illegible]	[illegible]	[illegible]	[illegible]
၂၃	[illegible]	[illegible]	[illegible]	[illegible]
၂၄	[illegible]	[illegible]	[illegible]	[illegible]
၂၅	[illegible]	[illegible]	[illegible]	[illegible]
၂၆	[illegible]	[illegible]	[illegible]	[illegible]
၂၇	[illegible]	[illegible]	[illegible]	[illegible]
၂၈	[illegible]	[illegible]	[illegible]	[illegible]

ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင်
တရားရုံးချုပ်ရှေ့နေ
အမှတ်(၁၂၁)-ဒုတိယထပ်၊ဘုန်းကြီးလမ်း
လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ မြို့ပြဌာနတွင် အသုံးပြုရန်အတွက် Motor, Pump & Air Compressor များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၁၆-၇-၂၀၀၄ (သောကြာ) (၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၁၆-၇-၂၀၀၄ (သောကြာ) (၁၄:၀၀)နာရီ
၂။ တင်ဒါပုံစံကို အောက်ပါဌာနတွင် (၂-၇-၂၀၀၄)နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
ဒုတိယအထွေထွေမန်နေဂျာ၊(ထောက်ပံ့ဌာန)
မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၃၉၈၊၂၉၁၃၉၉၄၊ ၂၀၁၅၅၅-လိုင်းခွဲ ၆၀၂၊ ၆၁၃။



ဝမ်းနည်းကြေကွဲခြင်း
စာရေးဆရာတပ်ကြပ်ကြီးမောင်ကို
ဒုအရာခံဗိုလ်/ရုံးအုပ်(ငြိမ်း)
အသက် (၇၈)နှစ်

အနုပညာစာပေမှတ်တမ်းဝင် ဆရာကြီးမောင်ကိုအတွက် ယူကျုံးမရ ဝမ်းနည်းရပါသည်။
နတ်သျှင်နောင်မဂ္ဂဇင်း (၁၉၈၉)
ဗိုလ်မှူးလတ်မြင့်သိန်း။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးအောင်မြင့် (ငြိမ်း)
အသက် (၅၄)နှစ်

တစ်နေ့တန် (၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)မှ ဒုတိယအထွေထွေမန်နေဂျာ ဗိုလ်မှူးအောင်မြင့် (ငြိမ်း)သည် ၂၉-၆-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။
စီမံကိန်းညွှန်ကြားရေးမှူးနှင့်
တစ်နေ့တန် (၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)မှ
ဝန်ထမ်းမိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးအောင်မြင့် (ငြိမ်း)
အသက် (၅၄)နှစ်

တစ်နေ့တန် (၂၀၀) ပျော့ဖတ်စက်ရုံ စီမံကိန်း (သာပေါင်း)မှ ဒုတိယအထွေထွေမန်နေဂျာ ဗိုလ်မှူးအောင်မြင့် (ငြိမ်း)သည် ၂၉-၆-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။
ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

ဦးမင်းဟန် (သန်လျင်)
အငြိမ်းစားအင်ဂျင်နီယာ(ယခင် ဘီအိုစီ)
အသက်(၈၉)နှစ်

သန်လျင်မြို့နေ(ဦးအဖောင်-ဒေါ်လှမင်း)တို့၏သား၊ သန်လျင်မြို့၊ဗိုလ်ချုပ်ရွာနေ (ဦးသိန်းမောင်-ဒေါ်မယ်ရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်၊ လှည်းတန်း ၁ လမ်း၊ အမှတ် ၃(ဂ)နေ ဒေါ်သောင်းမြင့်တို့၏ခင်ပွန်း၊ ဒေါ်ညိုညိုဝင်း၊ ဦးဘုန်းမြင့်-ဒေါ်ကြည်ပြာမင်းဟန်၊ ဦးမြင့်ဟန်၊ ဦးအောင်မြင့်-ဒေါ်ဖြူဖြူမင်းဟန်၊ ဦးအောင်ဝင်း-ဒေါ်နီနီမင်းဟန်တို့၏ဖခင်၊ ကိုဟန်ဝင်းမော်-မဇင်နီအောင်၊ ကိုထွန်းထွန်းအောင်-မဇင်သီအောင်၊ ကိုသက်နိုင်-မစုဘုန်းမြင့်၊ မောင်ကျော်ငြိမ်း၊ မနိုနိုအောင်ဝင်းတို့၏ဘိုးဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၇-၂၀၀၄ရက် (သောကြာနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးရွှေသီး (သဲတော)
(ဝင်း ပဲကြော်၊ ပဲလှော်)
အသက်(၆၀)

မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့၊ အမှတ် ၁၊ ကံဦးရပ်နေ (ဦးစံတင့်-ဒေါ်မြငယ်)တို့၏သားထွေး၊ (ဒေါ်စိုးရင်)၏ခင်ပွန်း၊ မခင်ခင်ပြုံး၊ မတင်မေအေး၊ ကိုကျော်စိုး၊ မသင်းသင်းခိုင်၊ မညိုညို၊ မဝင်းဝင်းတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးရွှေသီးသည် ၂-၇-၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် သဲတောမြို့နေအိမ်မှ သဲတောသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၃၀-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ခဲ့သော ဒေါ်သန်းလှ(မော်လမြိုင်၊ကတိုး) အသက်(၆၆)နှစ်အား နာမကျန်းဖြစ်စဉ် မေတ္တာ၊စေတနာ၊ဂရုဏာဖြင့် မိသားစုသဖွယ်စောင့်ရှောက်ပေးခဲ့သော ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့်ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီးတို့အားလည်းကောင်း၊ ရွှေဂုံတိုင်အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများနှင့်သူနာပြုဆရာမများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်၍ မိသားစုအား အားပေးနှစ်သိမ့်ပေးသော မြန်မာ့သစ်လုပ်ငန်းမှ အရာရှိကြီးများနှင့် အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ဈာပနသို့ ကိုယ်တိုင်လာရောက်၍ အားပေးနှစ်သိမ့်ခဲ့ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာ့ကြိုလုပ်ငန်းမှ အရာရှိကြီးများနှင့် အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ဒဂုံတက္ကသိုလ် သချာဌာနမှ ပါမောက္ခ၊ ဌာနမှူး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းမှ အငြိမ်းစား အရာရှိကြီးများနှင့် အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည် (ညောင်ဦး)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၃၊ သစ်ခွပန်းလမ်း၊ ကြည့်မြင်တိုင်နေ (ဦးဘထူး-ဒေါ်ဖွားသင်)တို့၏သမီး၊ (ဦးစံမြင့်-ဒေါ်ကျင်နှစ်)တို့၏သမီးချွေးမ၊ (ဦးငွေကြိုင်)၏ဇနီး၊ (ဒေါက်တာကျော်မင်း)-ဒေါ်တင်ရီ၊ (ဦးစိုးတင့်)-ဒေါ်တင်ရွှေ၊ ဒေါက်တာကျော်ညွန့် (ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီး)-ဒေါက်တာလှလှ(ခိုင်ဆေးခန်း)တို့၏မိခင်ကြီး၊မြေး ၁၃ယောက်တို့၏အဘွား၊မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂-၇-၂၀၀၄ ရက် နံနက် ၅း၀၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးအုန်းညွန့်
(သီရိမြိုင်ရပ်ရှင်ရုံ၊ မန်နေဂျာဟောင်း)
အသက်(၈၄)နှစ်

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့၊ အရှေ့မြို့ပတ်လမ်း၊ အိမ်အမှတ် ၁၁ နေ(ဦးပိန်-ဒေါ်သက်နေ)တို့၏သား၊ ဒေါ်ခင်ရီ၏ခင်ပွန်း၊ (ဦးသန်းညွန့်-ဒေါ်ရွှေ)၊ ဦးဝင်းတင်-ဒေါ်သောင်းမေတို့၏အစ်ကို၊ ဦးခင်မောင်အုန်း-ဒေါ်သိန်းလှ၊ ဦးခင်မောင်ပြုံး၊ ဦးခင်မောင်ဖုန်း-ဒေါ်အေးအေးသွယ်တို့၏ ဖခင်၊ မောင်သန်းဇော်ဦး၊ မောင်ဟန်ရွှေမင်း၊ မောင်မြင့်ဇော်၊ မရီရီငွေ၊ မောင်နေဝင်းအောင်၊ မောင်စည်သူဇော်ဦး၊ မောင်ကျော်ခိုင်ထွန်းတို့၏အဘိုးသည် ၂-၇-၂၀၀၄ ရက်(သောကြာနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညွန့်အောင်
လ/ထတိုင်းလျှပ်စစ် စစ်ဆေးရေးမှူး(ငြိမ်း)
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
Eastern Pretech (Singapore) (Assistance Engineer)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစိန်ဝမ်း-ဒေါ်ကင်စွမ်)တို့၏သား၊ (ဦးမောင်ကံ)-ဒေါ်ဖွားတင်တို့၏ သားသမက်၊မောင်အောင်ကျော်ဆန်း၊မချောစုလှိုင်တို့၏ဖခင်၊ ဒေါ်နွေးနွေး၏ခင်ပွန်းသည် ၂၈-၆-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းနိုင်(ခ)ရွှေဘုတ်
B.A (မြန်မာစာ)
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဗိုလ်ချို ၁ လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အမှတ် ၆(က)နေ ဦးအောင်မြင့်(သိန်းပုံမီးအာမခံ သေတ္တာလုပ်ငန်း) - ဒေါ်လှမြင့်တို့၏ သား၊ မနှင်းနှင်းအေး၏မောင်၊ ဒုရဲအုပ်ပြေငြိမ်း-မချိုဝေလွင်(B.A၊ မြန်မာစာ)တို့၏အစ်ကို၊ မသက်နှင်းစု၏ဦးလေးသည် ၂-၇-၂၀၀၄ရက်(သောကြာနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့် (သန်လျင်မြို့)
တပ်မတော်-ရေ(ငြိမ်း)
အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ် (ဦးသန်းမောင် - ဒေါ်မမလေး)တို့၏ သား၊ ဒေါ်ခင်နွဲ့၏ခင်ပွန်း၊ (ဒေါ်တင်နု)၊ ဒေါ်ခင်ဝင်းကြည်တို့၏မောင်၊ ကိုအောင်ကျော်ဦး(Ayer Shwe Wah Co.,)၊ မအေးမိုမို(ရောင်နီဦးကုမ္ပဏီ)၊မောင်ရှိန်းကိုကိုဝင်း-မခင်သန့်ဇင်၊ မောင်ကိုကိုအောင်-မရီရီမွန်၊ မောင်အောင်ဇော်မိုးတို့၏ဖခင်၊ အိမ့်ဂန္ဓာဝင်ရှိန်း၏ အဘိုးသည် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် သန်လျင်ဆေးရုံမှ ဗိုလ်ချုပ်ရွာသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်ဇောအောင်
NOBEL ဟိုတယ်(စစ်တွေ)
အသက်(၃၈)နှစ်

ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ ဦးဦးမောင်-(ဒေါ်အောင်စိန်ညွန့်)တို့၏ဒုတိယသား၊ စစ်တွေမြို့၊ အမှတ် ၆/၁၇၆၊မင်းဘာကြီးလမ်း၊အောင်မင်္ဂလာရပ်ကွက်နေ(ဦးမောင်ရှိ)-ဒေါ်ဦးညိုတို့၏ သားသမက်၊ မခင်မေ၏ခင်ပွန်း၊ ခင်မိုးမိုးဝေ၏ဖခင်၊ အမှတ် ၂၅၆၊ သမိန်ဗရမ်းလမ်း၊(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးအေးထွန်း၊ ဒေါ်မြရီတို့၏ မောင်၊ ဦးထွန်းအေး၊ ဒေါ်အေးခိုင်သိန်း၊ ဦးအောင်နိုင်ဝင်း၊ ဦးစောဝင်းနိုင်၊ မောင်သန်းနိုင်၊ မောင်သန်းထွန်းနိုင်၊ မသန်းသန်းနွယ်တို့၏ညီ/အစ်ကို၊ တူ တူမ ငါးယောက်တို့၏ဦးလေးသည် ၂-၇-၂၀၀၄ရက် (သောကြာနေ့) နံနက် ၆ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြိုင်
(ယခင် ကုန်သွယ်ရေး၊ ငြိမ်း)
အသက်(၇၇)နှစ်

အမှတ် ၁၇၊ ထီးတန်း ၄ လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစိန်-ဒေါ်စောမှု)တို့၏သမီး၊ ဦးညွန့်စိန်(အငြိမ်းစား၊ ဌာနစုမှူး၊ ကုန်သွယ်ရေး)၏ဇနီး၊ ဒေါက်တာအောင်မြင့်ဦး (Accreditation Officer, Singapore)-ဒေါက်တာဒေါ်သီဂီအေး(တွဲဖက်ပါမောက္ခ၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဦးသက်ထွန်းစိန်(ညီညီ) (Civil Engineer Company Consultant) - ဒေါ်တင်မေနွဲ့တို့၏မိခင်၊ မောင်မောင်ထူးအောင်လင်း(T.T.C)၊ မောင်မောင်စွမ်းအောင်ထက်(T.T.C)၊မောင်မင်းသက်ထွန်း(T.T.C)၊ မဇကေရီထွန်းတို့၏အဘွားသည် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ၁-၇-၂၀၀၄ ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညိုမြဥ
(ဘူးသီးတောင်မြို့)
အသက်(၇၅)နှစ်

ဘူးသီးတောင်မြို့၊အမှတ်(၃)ရပ်ကွက်နေ(ဦးမောင်ကျော်အောင်၊ အရာခံဗိုလ်၊ ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၄၆၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးထက်အောင်ကျော်(ဗိုသုကာ အင်ဂျင်နီယာ)-ဒေါ်သင်းသင်းအေး၊ ဦးဝင်းစိန်-ဒေါ်မြင့်မြင့်ခိုင်(ဖြူး)၊ ဦးစာရိန္ဒ(မြို့ဦးကျောင်း၊ဘူးသီးတောင်မြို့)၊ ဦးသင်းလှိုင်(အထပြ၊ အထက၊ ဘူးသီးတောင်)-ဒေါ်ခင်မေသောင်း၊ ဦးမြင့်လှိုင်-ဒေါ်သင်းသင်းစိုး၊ ဒေါ်အေးအေးသီ (နည်းပြ၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်)၊ ဒုအရာခံဗိုလ်ထွန်းအေး - ဒေါ်ဝါဝါမိုး (ပညာရေးကောလိပ်၊ ရန်ကုန်)၊ မောင်ဝင်းဗိုလ်၊ မောင်အောင်သီဟ (ဘူးသီးတောင် ရဲတပ်ဖွဲ့)၊ ဒေါ်မရှည်တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားရှင်သည် ၂၉-၆-၂၀၀၄ရက် ည ၇း၃၀ နာရီတွင် စစ်တွေဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးလေးမြင့်
ဒုတိယပါမောက္ခချုပ်(ငြိမ်း)၊ အဝေးသင်တက္ကသိုလ်
အသက်(၇၁)နှစ်

ပဲခူးမြို့နေ(ဦးမြမောင်-ဒေါ်မယ်မ)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၂၇(B)၊အောင်ဇေယျလမ်းသွယ်၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်လှလှမြင့်၏ခင်ပွန်း၊ ဦးနေရဲလှိုင်-ဗိုလ်မှူးကြေးမုံမြင့်(တပ်မတော်ဆေးတက္ကသိုလ်)၊ဦးဝင်းဗိုလ်ရွှေ-ဒေါက်တာယမင်းမြင့်(ရွှေဂုံတိုင်အထူးကုဆေးခန်း)၊ ဦးဘိုးသိကြား-ဒေါ်ခင်တင့်တင့်(စက်မှုဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ဦးဘိုးရာဇာ-ဒေါ်မြတ်မိုးတို့၏ဖခင်၊ ဖြူရှင်းသန့်၊ ထက်မြက်နေရဲ၊ သံသာချို၊ လင်းထက်နေရဲ၊ ဝလုံး၊ ဘေဘီတို့၏အဘိုးသည် ၁-၇-၂၀၀၄ရက် ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ရက် (စနေနေ့)ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းမြ
(ဘီလူးကျွန်း၊တော်ကနာရွာ၊ ချောင်းဆုံမြို့နယ်)
အသက်(၆၉)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ တော်ကနာရွာနေ (နိုင်ဖေ-မိဘွင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၀၂၊ မြန်မာ့ဂုဏ်ရည်လမ်းနေ နိုင်စိန်ချော၏ဇနီး၊ မိဝင်းဝင်းမွန်(ထ-၆၊မတည၊ငြိမ်း)၊ နိုင်ရွှေကြည်-မိတင်တင်မွန်၊ မိအေးအေးမွန်(သရုပ်ပြ၊ ရူပဗေဒ၊ စစ်တွေတက္ကသိုလ်)၊ မင်းကြည်မွန်၊ မောင်အောင်မြင့်-မိလှလှမွန်၊ မောင်မောင်ထွေး-မိသန်းသန်းမွန်၊ မောင်သန်းငွေအောင် - မိရည်ရည်မွန် (ရွှေကျင်ရွှေဆိုင်)၊ မိမျိုးမြတ်မွန် (ENT၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ မင်းဇော်မွန် (VII-C၊ အထက-၅၊ ဗိုလ်တထောင်)၊ မိမြင့်မြတ်မြတ်ချော၊ မိထက်ဝန်းနေခြည်တို့၏အဘွားသည် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၀၄ရက်(စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန် (သုဝဏ္ဏ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက် အမှတ် ၈၊ အခန်းအမှတ် ၄(စက်မှု-၁၊ အရာရှိရိပ်သာဝင်း)နေ (ဦးအောင်ကျင်)၏ဇနီး၊ ဒေါ်သန်းသန်း၊ ဒုတိယရဲမှူးထိန်ဝင်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)-ဒုတိယရဲအုပ်ခင်သန်းနု(သတင်းတပ်ဖွဲ့)၊ ဦးလှထွန်းမြင့်(စက်မှုဆေးဝါး) - ဒေါ်သိန်းသိန်းဝင်း(စက်မှုဆေးဝါး)၊ ဦးငွေဝင်း(တနင်္သာရီတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြိတ်မြို့)-ဒေါ်နီလာလွင် (ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရုံးချုပ်)၊ဦးအေးဝင်း-မသီသီချို(ရွှေထွန်းကုမ္ပဏီ)၊ မသူဇာဝင်းတို့၏မိခင်၊ မောင်အောင်ကျော်စိုး၊ မောင်ကျော်ဇေယျာဝင်း၊ မသဥ္ဇာငွေးဝင်းတို့၏ အဘွားသည် အထက်ပါနေအိမ်၌ ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ရက်(စနေနေ့) နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းကြွယ်
ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ငြိမ်း)
(ကတိုးကော့နှပ်)
အသက်(၆၉)နှစ်

မွန်ပြည်နယ်၊ ကတိုးကော့နှပ်ရွာနေ ဦးငြိမ်း-(ဒေါ်အေးမယ်)တို့၏ သား၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၆၊ အခန်း ၄၄ နေ ဒေါ်အေးသူ၏ခင်ပွန်း၊ ဒေါ်ခင်မြင့်ဦး (အထက-၁၊ ဗဟန်း)၊ ဒေါ်ခင်ဆွေသန်း၊ ဒေါ်ခင်ဆွေအေး (အမက-၂၊ အလုံ)၊ မောင်ခင်မောင်ထွန်း-မသက်ထားဝင်း၊ မောင်ချို-မခင်ဆွေမြင့်တို့၏ဖခင်၊မောင်အောင်စည်ဟိန်း၊ မောင်ရန်မျိုးအောင်တို့၏ အဘိုးသည် ၂-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်စိုး
လ/ထညွှန်ကြားရေးမှူး
(မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း)
အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သန်း)-ဒေါ်တင်မြတို့၏သားကြီး၊ ပဲခူးတိုင်း၊ ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ ဂေါက်ကွင်းလမ်းနေ ဦးမောင်မောင်-ဒေါ်စမ်းရီတို့၏ သားသမက်၊ အမှတ် ၉၆(A/4)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ဝေဝေနွဲ့၏ခင်ပွန်း၊ မောင်နန္ဒကျော်(G.T.C၊ ပြည်မြို့)၊ မောင်ဖုန်းမောင်မောင်ကျော်(G.T.C၊ ပြည်မြို့)၊ မခိုင်သဇင်စိုး(VI-A၊ အထက-၅၊ပြည်မြို့)တို့၏ဖခင်၊ ဦးဝင်းလှိုင်-မမြင့်စိန်၊ ဦးကံထူး-ဒေါ်အေးမြင့်တို့၏မောင်၊ ကိုသိန်းဇော်-မအေးစန်း၊ကိုစိုးမြင့်-မစန်းယုဇော်၊ ကိုဖုန်းမြင့်-မစန်းမြင့်၊ ကိုကျော်ဦး-မအေးပန့်၊ ကိုလှမောင်-မရှုကြည်၊ ကိုတင်စန်း-မခင်ခင်နိုင်၊ ကိုတင်မိုး၊ ကိုတင်မျိုး-မခင်ချိုချိုငွေ၊ ကိုလှမျိုး-မဥမ္မာဦး၊မသီသီစိုးတို့၏အစ်ကိုကြီးသည် ၁-၇-၂၀၀၄ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုရဲအုပ်အောင်မြင့်ဦး
(တောင်တွင်းကြီးမြို့)
(လ/၁၅၅၇၅၁)
မြို့မရဲစခန်း၊မြိတ်မြို့
အသက်(၃၂)နှစ်

တောင်တွင်းကြီးမြို့၊အုန်းတော(၂)ရပ်နေ အငြိမ်းစားကျောင်းဆရာ ဦးတင်ဦး-ဒေါ်အေးတို့၏သား၊ မြို့မရဲစခန်းနေ မယုယုမော်၏ခင်ပွန်း၊ဦးကံညွန့်-ဒေါ်မြလေး(ရန်ကုန်)၊ ဦးဝင်းမြင့်-ဒေါ်ခင်ပိုက်ပိုက်ဦး(ကော့သောင်းမြို့)၊ ဒေါ်မြင့်မြင့်ဦး(သံပုရာကန်ဆေးရုံ)၊ ဦးအောင်လင်းဦး-ဒေါ်မေနီး(တမူးမြို့)၊ ဦးတင်မောင်ဝင်း - ဒေါ်ကြူကြူ၊ ဗိုလ်ကြီးသိန်းဝင်း-ဒေါ်နွဲ့နွဲ့ဦး၊ ဒေါ်ခင်လှိုင်ဦး (ဆမ၊ မင်းဘူးမြို့)၊ အရာခံဗိုလ်နေဝင်း (တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ)-ဒေါ်ဝင်းဝင်းဦး၊ ဦးဝင်းမော်ဦး-ဒေါ်ခင်ခင်ဥ၊ ဒုရဲအုပ်သန်းလွင် (လမ်းမတော်ရဲစခန်း)-ဒေါ်စုစုဦး၊ မကလျာဦးတို့၏မောင်ငယ်၊ မအေးချမ်းမြတ်ဖြိုး၊ မမီးမီးလေးတို့၏ဖခင်သည် ၂-၇-၂၀၀၄ရက် နံနက် ၄း၃၀ နာရီတွင် ဝေဘာဂီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဝေဘာဂီဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျောင်းအမကြီး
ဒေါ်လှဖျော့ (ဆယ်ရွာ၊သုံးခွ)
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၂၊ ၁၂၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဝိဇ္ဇာ-ဒေါ်မင်းပု)တို့၏မြေး၊ (ဦးဖိုးသွယ်-ဒေါ်ရင်)တို့၏သမီး၊ (ဦးဘအေး - ဒေါ်စောတင်)တို့၏ သမီးချွေးမ၊(ဦးညွန့်မောင်)၏ဇနီး၊(စက်ရှင်မင်းကြီး ဦးဘလှ - ဒေါ်လှတင်)၊ (ဦးသိန်းမောင်)၊ (ဒေါ်ခင်ညွန့်)၊ (ဦးမောင်မောင်တင်)တို့၏ ညီမ၊ ဦးကျော်မြင့်၊ဦးမြင့်အောင်(တပ်မတော်သတ္တုပစ္စည်းစက်ရုံ၊ ငြိမ်း)-ဒေါ်ညွန့်ရီ၊ (ဦးခင်)-ဒေါ်ခင်တိုး၊ ဦးစိန်ယာ(ခ)ဦးတူး(သီရိမင်္ဂလာဈေး)-ဒေါ်တင်ရွှေ၊ ဦးခင်မောင်ရင်(စား/ဖျော်၊ ငြိမ်း)-ဒေါ်နွဲ့ရီ(အထက-၁၊ ဒေါပုံ)၊ (ဦးအောင်မင်း)-ဒေါ်ပြုံး၊ ဒေါ်ခင်မူ၊ ဦးမောင်မောင်စိုး (အောင်ဘာလေ သိန်းဆုဌာန)-ဒေါ်မိမိမွှေး (အမက-၁၂၊ သာကေတ)၊ ဦးလှမြင့်(မြန်မာ့ရေနံ ရောင်းဝယ်ရေး)-ဒေါ်နိုင်နိုင်ထွေး (ကုန်သွယ်/လယ်ယာ)တို့၏ မိခင်၊ မြေး ၂၄ ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁-၇-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၀၄ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၅၂၊ ၁၂၅လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်လှခင်
အသက်(၈၁)နှစ်

အမှတ်(၁)စစ်မှုထမ်းဟောင်း၊ စံပြကျေးရွာ၊ လေးထောင့်ကန်နေ (ဦးတင်ရွှေ)-ဒေါ်သန်းလှ၊မင်းဓမ္မနေ အရာခံဗိုလ်လှရွှေ-ဒေါ်ခင်သန်း၊ (ဦးလှနွယ်)-ဒေါ်ချိုချိုဦး၊ တောင်ငူမြို့၊ သံတောင်နေ ဗိုလ်မှူးစိုးနွယ် - ဗိုလ်ကြီးဒေါ်မိုမိုအေးတို့၏မိခင်သည် ၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၀၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးညွန့်မောင် (သံတွဲမြို့)
လူဝင်မှုကြီးကြပ်ရေး(ငြိမ်း)
အသက်(၇၈)နှစ်

သံတွဲမြို့၊ရတနာလမ်းနေ(ရဲဝန်ထောက် ဦးဘိုးကြွယ်-ဒေါ်ရွှေချိန်)တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ ပါရမီအိမ်ရာ၊ တိုက် ၂၊ အခန်း ၂၀၃ နေ ဒေါ်ဆင့်၏ခင်ပွန်း၊ ဦးစန်းလွင်-ဒေါ်သောင်းစိန်၊ ဒေါ်စန်းစန်းအေး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးညွန့်ဝင်း (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ထွေးယဉ်တို့၏ဖခင်၊ မောင်စည်သူလွင်(E/Cadet)၊ မခင်ဘုန်းလွင် (GTC၊ မှော်ဘီ)၊ မဆုမြတ်နွယ် (အမက-၂၃၊ ဒဂုံမြောက်)၊ ဒုတိယအရာခံဗိုလ်မင်းဇင်၊ မခိုင်စုဝေ(ရန်ကင်းပညာရေးကောလိပ်)၊ မစန်းစန်းနိုင် (စက်မှုလယ်ယာ)၊ မောင်စိုးမင်းနိုင် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏အဘိုး၊ ဦးစိန်ရွှေ-ဒေါ်လှမြင့်(အလုပ်သမားဆေးရုံကြီး)တို့၏ဦးလေးသည် ၂-၇-၂၀၀၄ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်ဆွေ
ကျောက်ပန်းတောင်းမြို့နယ် ရာသက်ပန်အသင်းဝင်
တပ်မတော်-ရေ(ငြိမ်း)
အသက်(၆၄)နှစ်

ကျောက်ပန်းတောင်းမြို့နယ်နေ(ဦးစိုးလှ)- ဒေါ်ခင်နွဲ့၊ ရန်ကုန်မြို့၊ တိုက် ၅၊ အခန်း ၈၊ လမ်းသစ်ရိပ်သာနေ (ဦးမောင်မောင်ကြီး-ဒေါ်ခင်စန်း)တို့၏ သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၁၃၇ နေ ဒေါ်တင်စိန်၏ခင်ပွန်း၊ဒေါ်ခင်သန်းမြင့်၊ ဦးကိုကိုကြီး၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ချိုချိုစိန်၊ ဒေါ်ညိုညိုစိန်၊ ဦးခင်မောင်ကျော်၊ ဦးခင်မောင်မြင့်၊ ကိုခင်မောင်ဇော်၊ ဒေါ်ခင်ထွေးမြင့်၊ ဒေါ်ခင်လှမြင့်၊ ကိုခင်မောင်စန်းတို့၏အစ်ကိုကြီး၊နီတူးအောင်-လှိုင်ထားဆွေ၊ မဇင်မာဆွေတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၉-၆-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁-၇-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဉာဏ
မြို့နယ်သြဝါဒါစရိယဆရာတော်
ထားဝယ်ရဟန်းတော်များအသင်း၏သြဝါဒါစရိယဆရာတော်
သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ဓမ္မပါလကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက၊ မြို့နယ်သြဝါဒါစရိယ၊ ထားဝယ်ရဟန်းတော်များအသင်း၏သြဝါဒါစရိယ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဉာဏဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက် (၂၈-၆-၂၀၀၄ရက်) တနင်္လာနေ့ ညနေ ၃း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ ရက်(၈-၇-၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ဓမ္မပါလကျောင်းတိုက်ကြီးအတွင်း၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်သံဃာ၊ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဝိလာသ
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့၊ မဟာဝိတ္တာရုံကျောင်းတိုက်၏ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက် (၃၀-၆-၂၀၀၄ရက်) ညနေ ၅း၄၀ နာရီတွင် မဟာဝိတ္တာရုံ ကျောင်းတိုက်၌ပင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက် (၆-၇-၂၀၀၄ရက်)တွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို အန္တိမဈာပန ပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

မဟာဝိတ္တာရုံကျောင်းတိုက်၊မော်လမြိုင်ကျွန်းမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးထေရဝံသ
နာယကဆရာတော် ဗားကရာတောရကျောင်းတိုက်
သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာတောရကျောင်းတိုက်နေ နာယကဆရာတော် ဦးထေရဝံသသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်နေ့ (၁-၇-၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ပထမဝါဆိုလပြည့်ကျော် ၄ ရက်(၅-၇-၂၀၀၄ရက်)တနင်္လာနေ့ မွန်းလွဲ ၂ နာရီတွင် ဗားကရာတောရကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ပင့်ဆောင်၍ အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားပါသည်။ (ဗားကရာကျောင်းတိုက်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ လာဘ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

မကွေးမြို့၊ မဲထီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တလာဘသည် ရန်ကုန်မြို့ U.H.C ဆေးခန်း၌ ၂၆-၆-၂၀၀၄ရက် ည ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် ဆရာတော်၏ဆန္ဒအရ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၇-၆-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးအပ်ပါသည်။ ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်စောရင်
(ထူးသန့်သစ်ဆိုင်)
အသက်(၇၀)

ပဲခူးတိုင်း၊ မိုးညိုမြို့နယ်နေ(ဦးကျော်ရှိန်) - ဒေါ်စိန်တင်တို့၏ သမီးကြီး၊ (ဦးသင်းမောင်)-ဒေါ်သိန်းမြတို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင် ၅ လမ်း၊ အမှတ် ၇၃နေ(ဦးတင်ဦး)၏ဇနီး၊ဒေါ်ခင်ဆွေဦး၊ ဦးငွေဝင်း-ဒေါ်နွဲ့မြင့်ခင်၊ ဒေါ်ကြည်ကြည်နွယ်၊ ဦးအောင်နိုင်-ဒေါ်ခိုင်ခိုင်နွယ်၊ ဦးရဲဝင်းခိုင်-ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၃၀-၆-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
Mohammed Zubair
(ခ) အာယုမင်းနိုင်
အသက်(၂၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁/၁၃၊ ၅၅ လမ်းနေ ဒေါက်တာမင်းနိုင်-ဒေါ်ယဉ်ယဉ်သီတို့၏သား၊ မောင်ဝေဠုမင်းနိုင် - မသဇင်တင်မောင်၊ (မောင်အာသုမင်းနိုင်)တို့၏ညီသည် အမေရိကန်နိုင်ငံ Sacramento မြို့တွင် ၂၉-၆-၂၀၀၄ရက်၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၆-၂၀၀၄ရက်တွင် ယင်းမြို့ မွတ်စလင် ကဘာရ်စတန်တွင်ဒါဖနာ ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိုးသန်း (ကညင်ကုန်း)
အသက်(၃၉)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ကညင်ကုန်းကျေးရွာနေ (ဦးအောင်သန်း)-ဒေါ်ကျင်အေးတို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ် ၆၆၊ တိုက် ၂၊ အခန်း ၄ နေ ဦးဝင်းညွန့်(လ/ထ ညွှန်ကြားရေးမှူး၊ အင်/ယာ၊ စည်ပင်သာယာရေး ဦးစီးဌာန)၏ဇနီး၊ ဦးမြတ်စိုး(EE)-ဒေါ်ခင်လေးမြင့်(ဒုဦးစီး၊ စည်ပင်ဦးစီး)၊ ကိုဇော်မြင့်အောင် - မဇာခြည်နွယ်လွင်၊ ကိုမျိုးမြင့်ဦး-မကြည်ကြည်ရင်၊ မနွယ်နီသန်းတို့၏အစ်မကြီး၊ တူ တူမ လေးယောက်တို့၏ကြီးကြီးသည်၂-၇-၂၀၀၄ ရက်(သောကြာနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မသိင်္ဂီ
B.Sc (Botany)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဒုအရာခံဗိုလ်အေးကြူ - ဒေါ်မြမြတို့၏ သမီးကြီး၊ ဗိုလ်ကြီးမောင်ဝင်း(ဆသရ-၁)၏ဇနီး၊ မသဲစုမောင်ဝင်း၊ မသီရိမောင်ဝင်း၊ မမြင့်မြတ်မောင်ဝင်းတို့၏မိခင်၊ မောင်ညီညီထွန်း၊ မသူဇာနွယ်၊ မောင်ညီညီအောင်တို့၏အစ်မသည် ၁-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် တပ်မတော်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာတူရကီသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မူမင်အလာနတ်သည် ယနေ့နံနက် ၁၀နာရီခွဲတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာမူမင်အလာနတ်က ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

တိုင်းရင်းသားပြည်သူအားလုံး၏လိုအင်ဆန္ဒနှင့်အညီစည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းရေး အမျိုးသားညီလာခံကြီးတွင်နိုင်ငံတော်အနာဂတ်အတွက်အခြေခံကောင်းများပုံဖော်သွန်းလောင်းနေကြပြီ အမျိုးသားညီလာခံကြီးဆုံးခန်းတိုင်အောင်မြင်ရေး ဆရာဆရာမများ၊တိုင်းရင်းသားများအားလုံးပူးပေါင်းကူညီ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ် တက္ကသိုလ်၊ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းတက်ရောက်ကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ၊ တက္ကသိုလ်၊ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ **စာမျက်နှာ ၄ ကော်လံ ၁ ☆**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး ကျောက်စိမ်းအတွဲ ၄၆၈ တွဲနှင့် ကျောက်မျက်အတွဲ ၃၁တွဲ ရောင်းချရ

ရန်ကုန် ဇူလိုင် ၂

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲအစီအစဉ်အရ စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၉နာရီမှစ၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်ရောင်းချရာ ညနေ ၃ နာရီ မိနစ် ၄၀ တွင် ကျောက်မျက်အတွဲပေါင်း ၃၁ တွဲကို ပြည်တွင်းပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။ **စာမျက်နှာ ၅ ကော်လံ ၅ ✻**